The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၆၉)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ ၃-၉-၂၀၂၆၊ ကြာသပတေးနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂ ရက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပါသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/ဇလ**

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာ လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်




နေပြည်တော် စက်တင်ဘာ ၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ဂုဏ်ပြု အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၃ သို့ ☆

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့၌ အောင်ချက်အကောင်းဆုံး ဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်းအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။

## ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံအချို့၏ ကြေညာချက်နှင့် ထုတ်ပြန်ပြောကြားချက်များအပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

(၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ နေပြည်တော်)

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံအချို့က ကြေညာချက်များ၊ ထုတ်ပြန်ပြောကြားချက်များ၊ လူမှုကွန်ရက်မီဒီယာများ အပါအဝင် သတင်းဖော်ပြချက်များ ပြုလုပ်ခဲ့သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် နောက်ဆက်တွဲဖြစ်စဉ်များသည် အာဆာအကြမ်းဖက်အဖွဲ့၏ တစ်ပြိုင်နက်တည်း အကွက်ချကြိုတင်စီစဉ် စတင်တိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာရခြင်းဆိုသည့်အချက်ကို အဆိုပါကြေညာချက်များနှင့် ထုတ်ပြန်ပြောကြားချက်များတွင် အသိအမှတ်ပြုရန် ပျက်ကွက်လျက်ရှိသည်။

စာမျက်နှာ ၄ သို့ ❖



## မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် စက်တင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် တောင်တော်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ခုနှစ်၊ မိုးကြိုချည်မျှင်ရှည်ဝါ ၃၁၅ ဧက စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ဝါသီးနှံများ စိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီသည့် ရွှေတောင်(၁၀)၊ ရွှေတောင်(၈)နှင့် ရွှေချည်(၆)ချည်မျှင်ရှည်ဝါများ အဓိကစိုက်ပျိုးကြပြီး ဝါသီးနှံများအောင်မြင်ရေး ကျောက်ဆည်ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား လိုအပ်သည့်ဝါမျိုးစေ့များ ဖြန့်ဝေပေးလျက်ရှိပြီး သီးနှံများ အောင်မြင်ဖြစ်ထွန်းရေး နည်းပညာများ စနစ်တကျကူညီပေးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်၌ မိုးကြိုချည်မျှင်ရှည်ဝါများကို ပေါင်လောင်၊ တောင်တော်၊ ကင်း၊ ချောင်းဆုံ၊ ရဲဘော်ကြီးကျေးရွာအုပ်စုများ၌ အဓိကစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

**ထက်ထက်(ကျောက်ဆည်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ်ဒေသ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်များ လှူဒါန်း



နီပေါ စက်တင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ်ဒေသမှ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်များကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ် Y8 ဖြင့် ရန်ကုန်မြို့မှ နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့ရှိ Tribhuvan International Airport(KTM) သို့ သွားရောက်၍ လှူဒါန်းသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား အလှူငွေနှင့် စားသောက်ကုန်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့်

စာမျက်နှာ ၄ သို့ ○

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ ကြာသပတေးနေ့။
မန္တလေး

# ကုသိုလ်ကောင်းမှုတို့အတွက် အလှူရေစက် လက်နှင့်မကွာ လှူဒါန်းပူဇော်လျက်ရှိ

မြန်မာလူမျိုးတို့သည် ရှေးအစဉ်အဆက်ဆက်ကပင် အလှူဒါနကို မပျက်မကွက် ပြုလုပ်လှူဒါန်းခဲ့ကြသည်။ မြန်မာတို့၏ စိတ်တွင် ကိန်းအောင်းနေသော မွေးရာပါဓလေ့စရိုက်တွင် ကောင်းမွန်သော အလှူအတန်းပြုကြပုံမှာ မြတ်နိုးဖွယ်ကောင်းလှသည်။ ရှေးဘိုးဘေး အစဉ်အဆက်မှ စတင်၍ မျိုးစေ့ချ စိုက်ပျိုးခဲ့သော အလှူဒါနမျိုးစေ့ပင်ဖြစ်သည်။ ယနေ့တိုင်တည်ရှိ ပေါက်ရောက်နေသော အလှူဒါနမျိုးစေ့လည်းဖြစ်သည်။ "တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား" ဆိုသည့်အတိုင်း မိမိရရှိထားသော ချွေးနဲစာများမှ ခြစ်ခြစ်ချုတ်ချုတ်စုဆောင်းကာ တစ်နှစ်လျှင် တစ်ခါလောက်ဖြင့် အလှူဒါနပြုကြသည်။

ဗုဒ္ဓဘာသာဝင်များပီပီ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုသုံးရပ်တို့ဖြင့် ပြည့်စုံစေရန် အားထုတ်ကြိုးပမ်းကြသူများလည်းဖြစ်သည်။ ထို့ကြောင့်လည်း "အလှူရေစက် လက်နှင့်မကွာ" ဟူသော စကားပေါ်ပေါက်လာခဲ့သည်။ စေတနာသုံးတန်ကို အရင်းတည်ကာ အလှူအတန်းအမျိုးမျိုးကို ပြုလုပ်လှူဒါန်းကြသည်။

သံဃာတော်များအတွက် အထောက်အပံ့ဖြစ်သော ပရိက္ခရာ ရှစ်ပါးနှင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးတို့ကို လှူဒါန်းပူဇော်သူများလည်း ရှိပါသည်။ ဆွမ်းလှူဒါန်းခြင်း၊ ရေလှူဒါန်းခြင်းစသည့် အလှူဒါနများကို ဆောင်ရွက် ကြသဖြင့် အကျိုးများစွာရရှိစေနိုင်မည်ဖြစ်သည်။

ရှေးအစဉ်အဆက်ကပင် စေတီပုထိုး၊ ဂူအမျိုးမျိုး၊ ကျောင်းကန်၊ ဘုရား၊ သိမ်၊ ဇရပ်စသည့်တို့ကို လှူဒါန်းခဲ့ကြသဖြင့် အထင်ကရအနေဖြင့် ယခုအခါ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် စေတီပုထိုးများဖြင့် ကြည်ညိုဖွယ်တွေ့မြင်နေရသည်။

ထို့အပြင် မြန်မာတစ်နိုင်ငံလုံး၌ မြို့ပေါ်တွင်ဖြစ်စေ၊ တောတောင်လျှိုမြောင်ထဲတွင်ဖြစ်စေ စေတီ၊ ပုထိုး၊ ဂူအမျိုးမျိုးတို့မှာ မပျောက်မပျက် အခွန့်ရှည်တည်တံ့ခဲ့ပါသည်။ ဤပြယုဂ်တို့မှာ မြန်မာတို့၏ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းခဲ့ကြသော ဒါနကောင်းမှု အစုစုတို့ပင်ဖြစ်သည်။

"အလှူရေစက် လက်နှင့်မကွာ" ဟူသောစကားပေါ်ပေါက်လာရခြင်းမှာ မြန်မာတို့သည် ကုသိုလ်ကောင်းမှု အစုစုတို့ကို ပြုလုပ်ပြီးတိုင်း သတ္တဝါအပေါင်းတို့အား ထိုကောင်းမှုကုသိုလ် ရရှိစေရန် အမျှပေးဝေကြသည်။ အလှူဒါန အမျိုးမျိုးပြုလုပ်ကာ အမျှပေးဝေကြသည်မှာ မြန်မာလူမျိုးတို့၏ မွန်မြတ်လှသော ဓလေ့စရိုက်ပင်ဖြစ်ပါသည်။ အလှူဒါနအကျိုးများကို ဖော်ပြရလျှင် မြတ်စွာဘုရားရှင်လက်ထက်၌ အနာထပိဏ်သူဌေး တစ်ဦးရှိခဲ့သည်။ သူဌေးကြီးသည် မြတ်စွာဘုရား သီတင်းသုံးရန်အတွက် ဇေတဝန်ကျောင်းတော်ကို တည်ဆောက်လှူဒါန်းခဲ့သည်။ ထို့အပြင် မြတ်စွာဘုရားရှင်နှင့်တကွ သံဃာတော်များကိုလည်း အရုဏ်ဆွမ်း၊ နေ့ဆွမ်းအစရှိသော ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်တို့ကို လှူဒါန်းပူဇော်သည့်အတွက် နောင်ဘဝတွင် ကောင်းမြတ်သော ဘုံဗွာနသို့ ရောက်ရှိသွားခဲ့သည်။ ဤသည်မှာ သူဌေးကြီး၏ အလှူရေစက် လက်နှင့်မကွာ အကျိုးကျေးဇူးပင်ဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာတို့သည် ကောင်းမြတ်သော မင်္ဂလာနိမိတ်ကို တောင်းဆုပြု၍ အလှူကောင်းမှုအစုစုကို ပြုလုပ်လှူဒါန်းခြင်းပင်ဖြစ်သည်။ မိမိပြုသော ကုသိုလ်ကောင်းမှုတို့ကသာ နောင်သံသရာအထိ လိုက်ပါနေမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာတို့က စေတနာသုံးတန် အရင်းခံ၍ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းပူဇော်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ အသိပညာပေးဟောပြောပွဲ ကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၂**

စစ်ကိုင်းမြို့တွင် ပြင်းထန် ဝမ်းပျက် ဝမ်းလျှောရောဂါ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း (ရွှေမင်းဝံ) ခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် ခေတ္တ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာသော်တာထက်က အဖွင့်အမှာစကားပြောကြားပြီး ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ကျန်းမာရေး အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လွင်လွင်မြင့်က သန့်ရှင်းစွာစနစ်တကျ အစားအသောက်ရောင်းချရေး ဘေးကင်းလုံခြုံရေးတို့နှင့် ပတ်သက်၍ ကျန်းမာရေး အသိပညာပေးဟောပြောခဲ့ပြီး အခမ်းအနား တက်ရောက်လာကြသူများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ဝမ်းပျက်ဝမ်းလျှော ရောဂါအသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**

၀-၀-၀-၀-၀

## မိုဘိုင်းရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ ငှားရမ်းပေး

**မန္တလေး စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ် (၂၅) အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းသား၊ ကျောင်းသူများအား အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် စာပေ၏ အကျိုးကျေးဇူးများရရှိစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀ နာရီခွဲက မိုဘိုင်းရွှေ့လျား စာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များအား အခမဲ့ ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စာအုပ်၊ စာစောင်များ ငှားရမ်းပေးရာတွင် ယင်းရွှေ့လျားစာကြည့်တိုက်ယာဉ်၌ သုတ၊ ရသ စာအုပ်ပေါင်းနှစ်ထောင် ကျော်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် အခမဲ့ လဲလှယ်ပေးသွားမည်ဖြစ်ပြီး မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား လေ့လာဖတ်ရှုစေခဲ့ပြီး အခမဲ့ငှားရမ်း ပေးခဲ့သည်။

ယင်းစာအုပ်စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့လာရောက်ငှားရမ်း ဖတ်ရှုနိုင်ကြောင်း သိရသည်။

**အောင်ဇော်ဖြိုး(ခရိုင်/ပြန်ဆက်)**

## ကျွန်းလှမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ကျွန်းလှ စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယနေ့မနက်ပိုင်းက အင်းကောင်းကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း၌ ကွင်းဆင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လမင်းစီမံချက်ဖြင့် အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေး ကတ်ပြား မကိုင်ဆောင်ရသေးသည့် ကျောင်းသား၊ ကျောင်းသူများအား ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လိုအပ်သည့် အချက်အလက်များ အချိန်ကုန်သက်သာပြီး တစ်နေရာတည်း ရရှိရန် မိတ်ဖက်အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျွန်းလှမြို့နယ် ဦးစီးမှူး ဦးဝင်းထက်သွင်ထံမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

၀-၀-၀-၀-၀

၀-၀-၀

## လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့ နံနက် ၉ နာရီက လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုအေးက ဟောပြောပွဲမှ ရရှိမည့် ကောင်းကျိုးများကို လက်တွေ့ဘဝတွင် အကျိုးရှိရှိ အသုံးချသွားနိုင်ရေး သေချာမှတ်သားသွားကြရန် အမှာစကားပြောကြားခဲ့ပြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာရေးဆရာတော ဓာဘုန်းမြင့်က အနာဂတ်တွင် လူကောင်း၊ လူတော်များဖြစ်လာစေရန်အတွက် "စိတ်ဓာတ်မြင့်မား အနာဂတ်ရဲ့လူငယ်များ" ခေါင်းစဉ်ဖြင့် လူငယ်ရေးရာ အကြောင်းများအား အသိပညာပေး ဟောပြောခဲ့ကြောင်းနှင့် မွန်းလွဲပိုင်း၌ ကျောက်ဆည်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ဆက်လက်ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ပြင်ဦးလွင် လားရှိုးလမ်းမကြီးမှ ပွဲကောက်ရွာသို့သွားသည့် ရှောင်ကွင်းလမ်းရှိ တံတားအသစ်ဆောက်လုပ်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

**ပြင်ဦးလွင် စက်တင်ဘာ ၂**

ပြင်ဦးလွင်မြို့နယ်ပွဲကောက်ရေတံခွန် BE Fall မှ ပွဲကောက်ရွာသို့ သွားသောရှောင်ကွင်းလမ်းပေါ်ရှိ ချောင်းကူးတံတားကို ဘေလီဘောင်တံတားအဆင့်မှ ကွန်ကရစ်တံတားအဆင့်သို့ လွန်ခဲ့သည့် တစ်လခန့်မှစ၍ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးမှကြီးကြပ်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ တံတားလုပ်ငန်း ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ယခင်ဘေလီတံတားလုပ်ငန်းမှာ ယာဉ်နှစ်စီး ရှောင်ကွင်း၍ မရခဲ့သော်လည်း တံတားကြီးပြီးစီး၍ ဖွင့်လှစ်ပြီးပါက ယာဉ်နှစ်စီးလွတ်လပ်စွာ သွားနိုင်တော့မည်ဖြစ်သည်။

တံတားဆောက်လုပ်နေစဉ်ကာလအတွင်း စာသင်ကျောင်းပို့မော်တော်ယာဉ်များကိုသာ ရေတံခွန်အတွင်းမှ ဖြတ်သန်းခွင့်ပြုထားခဲ့သော်လည်း ပုဂ္ဂလိကမော်တော်ယာဉ်များမှာ ပင်လိတ်နှင့် ပွဲကောက်ရွာကြား ဖြတ်လမ်းမှတဆင့် မိုးကြိုးမိုးကုတ်လမ်းမကြီးမှ ပတ်၍ သွားလာနေကြရသည်။

တံတားသစ်ကို လာမည့်စက်တင်ဘာလ ဒုတိယအပတ်မှစ၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စောအောင်(တီကျစ်)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများမှ အုပ်ချုပ်မှု တာဝန်ခံအရာရှိများနှင့် ကျောင်းအုပ်ကြီးများ၊ ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် တပ်မတော်အနေဖြင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်ပေးနေခြင်းသည် လူငယ်မောင်မယ်များ၏ ကြိုးစားအားထုတ်ခဲ့မှုများ၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် စွမ်းအားများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ပြုချီးမြှင့်ပေးခြင်းပင်ဖြစ်ကြောင်း၊ ထို့ပြင် လူငယ်မောင်မယ်များ၏ ရင်ထဲတွင် အောင်မြင်မှု၏ အသီးအပွင့်များကို ခံစားတတ်ပြီး ဘဝတစ်လျှောက်အောင်မြင်မှုကို ရင်းနှီးခုံမင်တတ်သည့် စိတ်အမြဲတေတစ်ခုဖြစ်ပေါ်လာစေရန် ထုဆစ်ပုံဖော်ပေးခြင်းလည်းဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၅၃ ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၁၂၀ ၊ လူရည်ချွန်ဆုရရှိသူ ၂၉ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ စစ်သည် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည်ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ရှစ်ဦးတို့အပြင် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်အခြေခံပညာ အထက်တန်းကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများကိုလည်း ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ကျန်ဆုရရှိသူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာက လူရည်ချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ ပေးအပ်ချီးမြှင့်စဉ်။

လူငယ်မောင်မယ်များ အနေဖြင့် ယခုအခါ အခြေခံပညာအဆင့်ကို ထူးချွန်မှုများနှင့်အတူ အောင်မြင်ခဲ့ပြီးဖြစ်၍ ရရှိသည့် အမှတ်စာရင်းများအလိုက် အဆင့်မြင့် တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ကြားသွားကြရမည်ဖြစ်ကြောင်း၊ အဆင့်မြင့်တက္ကသိုလ် ပညာရပ်များကို သင်ကြားရန်အတွက် ရွေးချယ်ရာတွင် မိမိဝါသနာအပေါ်အခြေခံပြီး ရွေးချယ်နိုင်ကြမည်ဆိုပါက မိမိတို့ဘဝရပ်တည်ရေးနှင့် အောင်မြင်မှုများအတွက် အကောင်းဆုံးဖြစ်မည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးသည် နည်းပညာခေတ်ဖြစ်သည်နှင့် အညီ Mobile Phone သုံးစွဲမှုနှင့်အတူ လူမှုကွန်ရက်ပလက်ဖောင်းအသီးသီးတွင် သုံးစွဲမှုများသည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ သုံးစွဲမှုအရွယ်များကို လေ့လာကြည့်ပါက KG မတိုင်မီ အရွယ်အပါအဝင် အဆင့်မြင့် တက္ကသိုလ် ပညာသင်အရွယ်များအထိ ပါဝင်နေသည်ကိုတွေ့မြင်နေရကြောင်း၊ လူမှုကွန်ရက်ပလက်ဖောင်းမျိုးစုံမှတစ်ဆင့် သတင်းတု၊ သတင်းမှားများဖတ်မိပြီး စိတ်အလိုလိုက်ကာ လွဲမှားသည့် အယူအဆအမှားများ မှတစ်ဆင့် လမ်းမှား၊ ဘဝပျက်ခဲ့ရသည့် လူငယ်များရှိနေသကဲ့သို့ လူငယ်များ၏ လောကနီတိဖွံ့ဖြိုးမှု၊ လူငယ်များ၏ စွမ်းရည်မြင့်မားရေးဆိုင်ရာ လေ့လာမှုအပိုင်းများတွင် စိတ်ပါဝင်စားမှုနှင့် လိုက်နာမှုများ တစ်စတစ်စလျော့ပါးလာသည့် အနာဂတ်အန္တရာယ်များကိုတွေ့မြင်နေရကြောင်း။

ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့၏သားသမီးများ ဆိုရှယ်မီဒီယာများသုံးစွဲခြင်းကို စည်းကမ်းတကျ စီမံကြပ်မတ်ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ လူသားတို့၏ဘဝအဖော်မွန်ကောင်းတစ်ခုသည် စာကောင်းပေမွန်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စာကောင်းပေမွန်များဖတ်ရှုခြင်းဖြင့် ဘဝ၏စဉ်းစားတွေးခေါ်မှုများ၊ ဘဝ၏ဆုံးဖြတ်ချက်များ၊ ဘဝရပ်တည်မှုများသည် မြင့်မားသည်ထက် မြင့်မားလာမည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းသည် တတ်မြောက်ထားသည့် အတန်းပညာများသာမက အသိပညာ၊ အတတ်ပညာများကိုပါ ပိုမိုရင့်သန်စေခြင်းဖြစ်၍ လက်ရှိငယ်ရွယ်စဉ်ကတည်းက စာပေများဖတ်ရှုခြင်းဝါသနာကို မွေးမြူကြရန်လိုအပ်ကြောင်း။

တပ်မတော်သား အရာရှိ၊ စစ်သည်များသည် နိုင်ငံတော်၏ နယ်မြေအသီးသီးတွင် ကျရာတာဝန်ကို နေရာဒေသမရွေး ထမ်းဆောင်နေကြသူများပင်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ကျရာ




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက လူရည်ချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ ပေးအပ်ချီးမြှင့်စဉ်။

နယ်မြေအသီးသီးတွင် ပေးအပ်လာသည့် ကျရာတာဝန်များကို ထမ်းဆောင်ကြရင်း ကိုယ်စီမိသားစုများ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍများကို တိုးတက်အောင် ထမ်းဆောင်နေကြသူများပင်ဖြစ်ကြောင်း၊ ထိုသို့ဘဝ၏ စိန်ခေါ်မှုများကြားက မိမိတို့သားသမီးများ၏ ပညာရည်မြင့်မားရေးကို စွမ်းစွမ်းတမံ ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြသူများသည် နိုင်ငံတော်၏ စစ်သည်တော်ကောင်းများ ဖြစ်သကဲ့သို့ မိသားစု၏ မိဘကောင်းများအဖြစ်လည်း သမိုင်းမှတ်တမ်းတင်နိုင်ခဲ့ကြသူများ ဖြစ်ကြောင်း၊ မိဘ၏အရိပ်အောက်မှ ကြိုးစားအောင်မြင်ခဲ့ကြသည့် လူငယ်မောင်မယ်တို့ အနေဖြင့်လည်း မိသားစု၏ သားသမီးကောင်းရတနာများအဖြစ်သာမက နိုင်ငံ့သားကောင်းရတနာများအဖြစ်ပါ ဆင့်ကဲကမ္ဗည်းထိုးနိုင်ခဲ့မှုအတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မိမိတို့တပ်မတော် အနေဖြင့် ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် ကဏ္ဍနှစ်ခုကို အပိုင်းခွဲ ဖော်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးနှင့် တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးပင်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရန်အတွက် တပ်မတော်ပညာရေးကျောင်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ တပ်မတော်သား မိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက်လည်း ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အခြေခံပညာရေးမှသည် အဆင့်မြင့်ပညာရေးအထိ သင်ကြားအောင်မြင်နိုင်ရေး အစဉ်တစိုက် ကြိုးပမ်းထမ်းရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လက်ရှိ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင်လည်း တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း နှစ်ကျောင်းကို အထက်မြန်မာပြည်၊ အောက်မြန်မာပြည်ခွဲ၍ နေပြည်တော်နှင့် ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ပညာရေးကဏ္ဍသစ်အဖြစ် ဖွင့်လှစ်လိုက်သည့်ကျောင်းများတွင် တပ်မတော်သားမိသားစုဝင်များ၊ တပ်မတော်သားအငြိမ်းစားများ၏ မိသားစုဝင်များအပြင် တပ်မတော်နှင့် တပ်မတော်၏ ပညာရည်မြင့်မားရေး ဖော်ဆောင်မှုအပေါ် စိတ်ပါဝင်စားစွာတက်ရောက်လိုသူများအား ဖွင့်လှစ်သင်ကြားပေးနေပြီ ဖြစ်သကဲ့သို့ တက်ရောက်လိုသူများအား အမြဲတမ်းကြိုဆိုလျက်ရှိကြောင်း။

လူငယ်မောင်မယ်တို့ ကိုယ်စီတွင် ပိုင်ဆိုင်ထားပြီဖြစ်သည့် ထူးချွန်လိုသည့် စိတ်ဓာတ်၊ ငယ်ရွယ်စဉ်ကတည်းက ရည်မှန်းချက်ထားရှိခဲ့သည့် ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်ဓာတ်၊ ထူးချွန်အောင်မြင်မှုကို ခုံမင်သည့် စိတ်ဓာတ်များကို အခြေခံပြီး မိမိတို့ရွေးချယ်ရာ အဆင့်မြင့် တက္ကသိုလ်ပညာရပ်များတွင်လည်း ထူးချွန်အောင်မြင်သူများဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြရန်၊ မိမိဘဝအတွက်၊ မိမိမိသားစုအတွက်၊ မိမိနိုင်ငံတော်အတွက် တတ်သင့်တတ်ထိုက်၊ သိသင့်သိထိုက်သည့် မှန်သမျှကို တတ်ချင်၊ သိချင်၊ ကြိုးစားချင်သည့် အညွန့်တလူလူစိတ်ဓာတ်နှင့် နိုင်ငံတော်၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်နိုင်သူများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

စာမျက်နှာ ၄ သို့ ☆

✰ စာမျက်နှာ ၃ မှ

ထို့နောက် စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သား မိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် အခြေခံပညာ လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေးကျောင်းများနှင့် တပ်မတော်အခြေခံပညာကျောင်းများ၏ ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာ အထက်တန်း ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ သုံးဦး၊ လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ နှစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာက လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ငါးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ပညာရေးကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ သုံးဦး၊ လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ သုံးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်နန်းကူးကူက လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ခြောက်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများက လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုဆုများ ပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များကိုယ်စား လူရည်ချွန်ကျောင်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့် အတူ အမှတ်တရ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာတို့က အခမ်းအနား တက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဆရာ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့် ဂုဏ်ပြု တည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက လှုငယ်ဂုဏ်ပြု တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဂုဏ်ပြုဧည့်ခံဖျော်ဖြေပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များ၊ မိဘများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ ၂၀၁၇ မှ

ဖြစ်စဉ်အမှန်မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် အာဆာအကြမ်းဖက်များက ရခိုင်ပြည်နယ်မြောက်ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ ကနဦးကျူးလွန်ခဲ့ပြီး ယင်းဖြစ်စဉ်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများ အသက်ဆုံးရှုံးခဲ့ရသည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်တွင် အာဆာအကြမ်းဖက်များက ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ လုံခြုံရေးစခန်း ၃၀ နှင့် တပ်ရင်းဌာနချုပ်တစ်ခုတို့ကို တစ်ပြိုင်နက်တည်း အကွက်ချတိုက်ခိုက်ခဲ့ခြင်းကြောင့် မြန်မာလုံခြုံရေး တပ်ဖွဲ့ဝင်များ၊ အစိုးရဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခဲ့ရပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

သို့သော်ကမ္ဘာ့နိုင်ငံအချို့က အာဆာအကြမ်းဖက်များ၏ ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကို လျစ်လျူရှုထားကြောင်း တွေ့ရှိရသည်။ အကြမ်းဖက်မှု၏ အသွင်သဏ္ဌာန် မျိုးစုံနှင့် လုပ်ရပ်များအားလုံးကို ရှုတ်ချသင့်သည်။

အာဆာ အကြမ်းဖက်များ၏ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ၎င်းတို့၏ အစွန်းရောက် အကြမ်းဖက်ဝါဒဖြင့် ခြိမ်းခြောက်မှုများ လုပ်ဆောင်မှုတို့ကြောင့် ဒေသခံတိုင်းရင်းသားများက အခြားမြို့ရွာများသို့လည်းကောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဘင်္ဂါလီများက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဖြစ်စဉ်များ၏ အရင်းခံအကြောင်းတရားများနှင့် မြေပြင်ပကတိအခြေအနေမှန်များကိုလည်း လျစ်လျူရှုကာ မြန်မာနိုင်ငံ၏ပုံရိပ်နှင့် ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်မှုများ မပြုသင့်ကြောင်း အလေးထား ဖော်ပြလိုသည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည့်အားလျော်စွာ မိမိနိုင်ငံအား ကာကွယ်ပိုင်ခွင့်နှင့် နိုင်ငံနှင့်လူမျိုးအပေါ် ကျူးလွန်သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို တုံ့ပြန်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ထို့ပြင် အကြမ်းဖက်တိုက်ခိုက်မှုများအား တုံ့ပြန်ရာတွင် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အပြစ်မဲ့ဒေသခံပြည်သူများနှင့် ၎င်းတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်နှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်အတွက် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (RoE) နှင့်အညီ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံတွင် မရှိသည့် လူမျိုး အမည်ဖြင့် လွဲမှားစွာသုံးစွဲဖော်ပြလျက်ရှိသည့် အခြေအနေကိုလည်း ပြတ်သားစွာကန့်ကွက်သည်။ ထို့ကြောင့် ယင်းစကားရပ်ကို နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အသုံးပြု၍ ရခိုင်ပြည်နယ်မြောက်ပိုင်း ဆက်စပ်ဖြစ်စဉ်များအပေါ် နိုင်ငံရေးအရ အကျိုးအမြတ်ရှိစေရန်အတွက် ကြေညာချက်များနှင့် ထုတ်ပြန်ပြောကြားချက်များ ထုတ်ပြန်နေခြင်းကို လက်ခံနိုင်ခြင်း မရှိပါ။ ယင်းဆောင်ရွက်ချက်များသည် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် ရရှိထားသည့် သဘောတူညီချက်များနှင့်အညီ စိစစ်ပြီး နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး မြန်မာနိုင်ငံ၏ စေတနာမှန်ဖြင့် ကြိုးပမ်းအားထုတ်မှုများအတွက် အပြုသဘောဆောင်သည့် အထောက်အပံ့ဖြစ်မည် မဟုတ်ပါ။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စခန်းများတွင် ရောက်ရှိနေသူအားလုံးအား မြန်မာနိုင်ငံမှဟု စွပ်စွဲပြောဆိုချက်များအပေါ် မြန်မာနိုင်ငံအနေဖြင့် စိုးရိမ်မကင်းဖြစ်ရကြောင်း ထပ်လောင်း ဖော်ပြအပ်သည်။ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးကိစ္စသည် နှစ်နိုင်ငံအကြား ဖြေရှင်းရမည့်ကိစ္စဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့်စိစစ်ပြီးနေရပ်စွန့်ခွာသူများကို ၎င်းတို့၏ ဆန္ဒအလျောက်၊ လုံခြုံ၊ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ခင်မင်ရင်းနှီးသည့် မိတ်ဆွေနိုင်ငံများနှင့် နီးကပ်စွာ လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနှင့်စပ်လျဉ်း၍ ၁၅-၈-၂၀၂၆ ရက်တွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် ကြိုးပမ်းမှုများအပေါ် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များ၏ အရင်းခံအကြောင်းတရားများနှင့် မြေပြင်ပကတိ အခြေအနေမှန်များကို အသိအမှတ်ပြုခြင်းမရှိဘဲ နိုင်ငံအချို့၏ နိုင်ငံရေးလှုံ့ဆော်မှုအရ ထုတ်ပြန်သည့် ကြေညာချက်များ၊ ထုတ်ပြန်ပြောကြားချက်များ၊ လူမှုကွန်ရက်မီဒီယာများ အပါအဝင် သတင်းဖော်ပြချက်များကို မြန်မာနိုင်ငံက ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်**

○ ပြည်ထောင်စုမှ

တာဝန်ရှိသူများက ထိုသို့ သွားရောက် ပေးအပ်လှူဒါန်းခြင်း ဖြစ်သည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ယခုလှူဒါန်းမှုသည် နီပေါပြည်သူများအပေါ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ၏ လူသားချင်း စာနာထောက်ထားမှုအရ ကူညီထောက်ပံ့ခြင်း ဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ သဘာဝဘေးသင့် ပြည်သူများ အမြန်ဆုံးပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိစေရေး ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့အတူ နီပေါနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီးဌာနဝန်ကြီးက မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီပံ့ပိုးပေးမှုအတွက်



အထူးကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါ ကူညီထောက်ပံ့မှုများကို သဘာဝဘေးသင့် ပြည်သူများအတွက် ထိရောက်စွာ အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက နီပေါနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီးဌာန ဝန်ကြီးထံ လှူဒါန်းငွေ အမေရိကန်ဒေါ်လာငါးသိန်းနှင့် ပဲရှစ်တန်ကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ပေးအပ်လှူဒါန်းမှုတွင် မတ်ပဲ ငါးတန်နှင့် ကုလားပဲ သုံးတန်တို့ပါဝင်ပြီး နီပေါနိုင်ငံမှ သဘာဝဘေးသင့်ပြည်သူများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပေးအပ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်သည့်အခါ နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အခြေခံမူများနှင့်အညီ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်လျက်ရှိပြီး နိုင်ငံများအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနှင့် လူသားချင်းစာနာမှု ပိုမိုခိုင်မာစေရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပစ္စုပ္ပန်တစ်ဆယ့်လေး ပန်းချီပြပွဲ ခင်းကျင်းပြသ

**မန္တလေး စက်တင်ဘာ ၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၃လမ်း၊ ၆၉လမ်းနှင့် လမ်း ၇၀ကြား ပရိတ္တဝါပြခန်းသစ်တွင် ပန်းချီဆရာမင်းလွင်၏ ပစ္စုပ္ပန်တစ်ဆယ့်လေး ပန်းချီပြပွဲကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက ဖွင့်လှစ်ပြသခဲ့သည်။ **(အောက်ပုံ)**

ပြပွဲတွင် ဆရာမင်းလွင်၏ ၁၅နှစ်သား ငယ်ဘဝလက်ရာများ အပါအဝင် ပန်းချီကား ၂၀၀ နီးပါး ပြသထားသည်။ ပန်းချီကားများမှာ အရှုယ်စုံ ရေဆေး၊ ဆီဆေးကားများ ဖြစ်သည်။

အဆိုပါ ပြပွဲသည် ဆရာမင်းလွင်၏ (၁၄)ကြိမ်မြောက် ပြပွဲဖြစ်ပြီး ပြပွဲကို ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၆ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်အားပေးကြည့်ရှုနိုင်ကြောင်း ပြခန်းတည်ထောင်သူ ဆရာစစ်ငြိမ်း ထံမှ သိရသည်။

PNT



# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၈၁)နှစ်မြောက်အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၈၁)နှစ်မြောက်အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Melia Hotel ရှိ Grand Ballroom ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ညှော်သည်တော်များအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်သည်။




ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၈၁)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ညှော်သည်တော်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ညှော်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှား-အာဆီယံ စီးပွားရေးကောင်စီ အမှုဆောင်အတွင်းရေးမှူးချုပ် မစ္စတာ ဆာမတ် ဆတ်ဖော်လ်ဒီနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

ဗလာဒီဗော့စတော့ စက်တင်ဘာ ၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် စက်တင်ဘာ ၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အအုံ၌ ရုရှား-အာဆီယံ စီးပွားရေးကောင်စီအမှုဆောင်အတွင်းရေးမှူးချုပ် မစ္စတာ ဆာမတ် ဆတ်ဖော်လ်ဒီနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် အာဆီယံနှင့် ရုရှားနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရာတွင် အချက်အချာနေရာတွင်တည်ရှိသည့် မြန်မာနိုင်ငံကို ရွေးချယ်ပြီး ဆက်လက် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ ရုရှားနှင့် မြန်မာနိုင်ငံတို့အကြား လျှပ်စစ်စွမ်းအားနှင့် စွမ်းအင်ဆိုင်ရာကိစ္စရပ်များတွင် နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ စက်မှုကဏ္ဍတွင် နည်းပညာမြင့် Robotic ဆိုင်ရာလုပ်ငန်းများနှင့် ဒီဂျစ်တယ်နည်းပညာသုံးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားနိုင်ရေး၊ ဒီဂျစ်တယ်နည်းပညာဖြင့် ဘဏ်လုပ်ငန်း၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ Online ကုန်သွယ်မှုလုပ်ငန်းကဏ္ဍနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရေးနှင့် လူမှုစီးပွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် ရင်းနှီးမြှုပ်နှံသွားနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အအုံ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ RADIO SPUTNIk နှင့် တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၂၄ မှ

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် အတိုးတက်ဆုံး အမျိုးသမီး အားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျောနံပါတ်(၁)ဖြိုးစန္ဒာအောင်အား မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်စွာစိုးက လည်းကောင်း၊ အတိုးတက်ဆုံး အမျိုးသားအားကစားသမားဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ကျောနံပါတ်(၇)ဇင်မျိုးထက်အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုရရှိသည့် မွန်ပြည်နယ်အသင်းမှ ကျောနံပါတ်(၂) နန်းခိုင်သဇင်ဦးအား အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က လည်းကောင်း ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက လည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လည်းကောင်း၊ အမျိုးသမီးသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့်ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့်ပဲခူးတိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက လည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က လည်းကောင်း၊ အမျိုးသမီးလေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က လည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရွှေတံဆိပ်နှစ်ခုဖြင့် အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိသည့် မွန်ပြည်နယ်အသင်းအား လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လည်းကောင်း၊ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုတို့ဖြင့် အမျိုးသား တံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်းကောင်း တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အသိပညာပေး နံရံကပ်စာစောင်များ ပြသဆောင်ရွက်

ပြည်ကြီးတံခွန် စက်တင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းသား၊ ကျောင်းသူလေးများအား ယမန်နေ့ နံနက် ၁၁ နာရီက မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များအား ပြသဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေး နံရံကပ်စာစောင်များ ပြသဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အကျင့်စာရိတ္တကောင်းမွန်သည့် လူငယ်၊ လူရွယ်များ ဖြစ်လာစေရန်၊ ကျောင်းနေရမည့် အရွယ်တွင် ကျောင်းပြင်ပမရောက်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန် ရည်ရွယ်၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များပြသဆောင်ရွက်ခဲ့ရာ အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့သည်။ (၀၇၅)

အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄) အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| မီဝေါလ် | ၀ - ၃ | ဝက်ရဟာမ်း |
| ဝက်စ်ဘရွန်း | ၁ - ၁ | ချာလ်တန် |
| ဘန်လေ | ၁ - ၁ | မစ်ဒယ်ဘာရော့ |
| ကျူပီအာ | ၂ - ၁ | ကာဒစ်ဖ် |

ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။

# မိတ္ထီလာစီးပွားရေးတက္ကသိုလ် (၂၅)နှစ်မြောက် ငွေရတုသဘင်အခမ်းအနား ကျင်းပ



**မန္တလေး စက်တင်ဘာ ၂**

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ (၂၅)နှစ်မြောက် ငွေရတုသဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပင်မဆောင်တွင် ကျင်းပရာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် Virtual Zoom System ဖြင့် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ နည်းပြများ၊ ဝန်ထမ်းများ၊ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ MBA၊ MPA ၊ MBF၊ MDevS၊ MASတို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က အဖွင့်အမှာစကားပြောကြားရာတွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်သည် (၂၅)နှစ်ကာလပတ်လုံး စီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာရပ်များကို သင်ကြားဖြန့်ဝေပေးရင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍကနေ ပါဝင်နေပါကြောင်း၊ ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်မြစ်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် သုတေသနကဏ္ဍသည်လည်း အလွန်အရေးကြီးပြီး နိုင်ငံ့အကျိုးပြု သုတေသနရလဒ်ကောင်းများ ထွက်ပေါ်လာရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကို အလုပ်သင်အဖြစ် လက်တွေ့ကွင်းဆင်းဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေးသည်လည်း အဓိကကျပါကြောင်း၊ ငွေရတုမှသည် နောင်လာမည့် ကာလများမှာလည်း ပိုမိုခိုင်မာသည့် အဆင့်မြင့်ပညာရေး အဖွဲ့အစည်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ပြီး နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို ဆက်လက်မွေးထုတ်နိုင်ပါစေကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က (၂၅)နှစ်မြောက် ငွေရတုသဘင်အခမ်းအနားတွင် ကူညီပါဝင်ဆောင်ရွက်ပေးခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ပြီးနောက် ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ငွေရတုအထိမ်းအမှတ် Logo ပြိုင်ပွဲတွင် ဆုရရှိသူအား ဂုဏ်ပြုဆုငွေချီးမြှင့်ပြီးနောက် ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး (၂၅)နှစ်မြောက် ငွေရတုသဘင်အခမ်းအနားတွင် ကူညီပါဝင်ဆောင်ရွက်ပေးခဲ့သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း၊ ဓာတ်ပုံပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ သုတေသနစာတမ်းဖတ်ပွဲများနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ၊ အမှတ်တရအရောင်းဆိုင်ခန်းများ၊ စတုဒိသာ ဧည့်ခံကျွေးမွေးမှုများဖြင့် စည်ကားခဲ့ကြောင်း၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အထိ နေ့သင်တန်း ကျောင်းသား၊ ကျောင်းသူ ၁၀၉၅၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ၊ စွန့်ဦးတီထွင်မှုနှင့်စီမံခန့်ခွဲမှုပညာ စသည့် ပညာရပ်များကို သင်ကြားပေးနေကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးအဆင့်(စတုတ္ထအကြိမ်) မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား မိတ္ထီလာမြို့နယ် မိတ္ထီလာ-မြင်းခြံကားလမ်းဝဲယာတွင် ကျင်းပ

**မန္တလေး စက်တင်ဘာ ၂**

သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေးနှင့်သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများက သစ်တောသစ်ပင်များ၏ တန်ဖိုးကို နားလည်မြတ်နိုးသည့် စိတ်ဓာတ်ဖြစ်ပေါ်လာ၍ သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းကို တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ဖော်ဆောင်နိုင်ရေးအတွက် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီး အဆင့်(စတုတ္ထအကြိမ်) မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို မိတ္ထီလာမြို့နယ်ရှိ လိန်တောကျေးရွာအုပ်စု၊ မိတ္ထီလာ-မြင်းခြံကားလမ်း မိုင်တိုင်အမှတ်(၆/၀)မှ (၆/၁)အကြား ဝဲ၊ ယာတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်နယ်မှတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တပ်မတော်ချစ်မျှင်နှင့်အထည်စက်ရုံမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လမ်းဘေးဝဲယာသစ်ပင်စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မစိုက်ပျိုးခြင်း၊ မြို့ပြသစ်တောများ တည်ထောင်ခြင်း၊ စိမ်းလန်းစိုပြည်ရေးနယ်မြေများ(Green Zone)များ တိုးပွားလာစေရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းပြောကြားပြီးနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဦးဆောင်၍ သစ်ပင်များကို စတင်စိုက်ပျိုးပေးပြီးနောက် တက်ရောက်လာကြသူများက ပိတောက်၊ တမာ၊ စိန်ပန်း၊ ယင်းမာ၊ ဒဟတ်၊ ဖျောက်ဆိပ်၊ မယ်ဇယ်၊ မန်ကျည်း၊ ရေတမာ၊ သစ်ဖြူ စသည့် သစ်မျိုး(၁၀)မျိုး၊ စုစုပေါင်း(၁၆၆၂)ပင်အား အတူတကွ စိုက်ပျိုးကြပြီး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို) (MEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် အရက်၊ ကွမ်းယာ၊ ဆေးလိပ်၊ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် လမ်း ၈၀ ပေါ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမတွင် ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချောစုလွင်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌ ဦးဇော်ဦးက ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှုဆောင် ဒေါ်သင်းသင်းဦးက မူးယစ်ဆေးဝါးသမိုင်းကြောင်းကိုလည်းကောင်း၊ အတွင်းရေးမှူးဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်ကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက လူငယ်နှင့်စိတ်ကြွဆေးအကြောင်းကိုလည်းကောင်း အသီးသီး အသိပညာပေးဟောပြောကြပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးဆိုင်ရာ ဉာဏ်စမ်းမေးခွန်းများကို အမှုဆောင်ဒေါ်ခင်မေပိုင်က မေးမြန်းပြီး မှန်ကန်စွာ ဖြေဆိုနိုင်သူများအား အမှုဆောင်များက အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ကျော်မင်းသော်)**

# မိတ္ထီလာခရိုင် ဘက်စုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဇုန်အဖြစ် အဆင့်မြှင့်တင်လုပ်နိုင်မှုကို လေ့လာသုံးသပ်ရန် ဖြစ်နိုင်ခြေလေ့လာမှု သုတေသနအဖွဲ့၊ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

**မန္တလေး စက်တင်ဘာ ၂**

မိတ္ထီလာခရိုင် ဘက်စုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဇုန်အဖြစ် အဆင့်မြှင့်တင်လုပ်နိုင်မှုကို လေ့လာသုံးသပ်ရန် ဖြစ်နိုင်ခြေလေ့လာမှု သုတေသနအဖွဲ့၊ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိတ္ထီလာခရိုင်နှင့်ရမည်းသင်းခရိုင်ကို အဓိကအားဖြင့် အလားအလာရှိသည့် သီးနှံများအတွက် စိုက်ပျိုးရေးဇုန်များနှင့် တိရစ္ဆာန်အမျိုးအစားအတွက် မွေးမြူရေးဇုန်များ၊ စိုက်ပျိုးရေးအခြေပြုစက်မှုဇုန်များ၊ အခြားအသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) ဖွံ့ဖြိုးရေးဇုန်များအတွက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အားလုံးကြိုးပမ်း ဆောင်ရွက်သွားရေး၊ သုတေသနအဖွဲ့မှလည်း ကွင်းဆင်းလေ့လာတွေ့ရှိရမှု အခြေအနေများကို လေ့လာသုံးသပ်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မည့် ကဏ္ဍအလိုက် သုံးသပ်လေ့လာတင်ပြနိုင်ရန် ကြိုးစားဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့သည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် မိတ္ထီလာခရိုင်ဘက်စုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဇုန်အဖြစ် အဆင့်မြှင့်တင်လုပ်နိုင်မှုကို လေ့လာသုံးသပ်ရန် ဖြစ်နိုင်ခြေလေ့လာမှု သုတေသနအဖွဲ့မှ တာဝန်ရှိသူများက ရည်ရွယ်ချက်နှင့် ဆောင်ရွက်မည့်အစီအစဉ်အနှစ်ချုပ်အား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သုတေသနအဖွဲ့နှင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ ကွင်းဆင်းဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

၎င်းနောက် ဇောင်ချမ်းကုန်းကျေးရွာအုပ်စု၊ ဇောင်ချမ်းကုန်းကျေးရွာရှိ တောင်သူဦးအောင်ကြည်စိန်၏ မိုးစပါးစံပြစိုက်ကွက်တွင် ကျင်းပသည့် ကောက်စိုက်စက်ဖြင့် ပျိုးသက်တမ်း ၁၄ ရက်ရှိ ဆင်းသုခမျိုးစပါးအား စိုက်ပျိုးခြင်း ကွင်းသရုပ်ပြသို့ရောက်ရှိပြီး တောင်သူများ၏ တင်ပြချက်များအပေါ်



လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စိုက်ပျိုးခြင်း ကွင်းသရုပ်ပြသမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိတ္ထီလာတောင်ကန် Up Stream ကန်ပေါင်ဘက်ခြမ်းရှိ လူသွားစင်္ကြံလမ်း အသုံးပြုသည့်ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန်အတွက် ပြန်လည်ပြုပြင် တည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပျက်စီးခဲ့မှုနှင့် ပြန်လည်ပြုပြင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂**

အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်ရှိ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်၌ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲကို အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို)တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အောင်မြေသာစံမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးကျော်ဆန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်း၊ အသင်းဒုတိယဥက္ကဋ္ဌ ဦးဇော်ဦး၊ ဗဟိုအတွင်းရေးမှူး ဦးမြင့်သန်း၊ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦး၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်၊ အမှုဆောင် ဒေါ်သင်းသင်းဦး၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းက အမှာစကားပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌ ဦးဇော်ဦးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က မူးယစ်ဆေးဝါးသမိုင်းကြောင်း၊ ဗဟိုအတွင်းရေးမှူး ဦးမြင့်သန်းက အရက်၊ ကွမ်း၊ ဆေးနှင့် မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးအန္တရာယ်များ၊ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက လူငယ်များနှင့် စိတ်ကြွဆေးဝါးများအကြောင်း အသီးသီး အသိပညာပေး ဟောပြောခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အမှုဆောင် ဒေါ်သင်းသင်းဦးက ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်သည့် မေးခွန်းများ မေးမြန်းခဲ့ပြီး မှန်ကန်စွာ ဖြေဆိုနိုင်သူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက မူးယစ်ဆေးဝါး မသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ

**မကွေး စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှကြီးမှူး၍ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် မော်တော်ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း သုံးပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့သစ်မြို့နယ် ဝွေးတောကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မှ ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် တာဝန်ရှိသူများက သင်တန်းသားများထံ သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်သင်တန်းသား ငါးဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့်ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်ရာ လုပ်ငန်းထူထောင်မည့် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးက ကြီးမှူးဖွင့်လှစ်သည့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းတွင် ဝွေးတောကျေးရွာမှ သင်တန်းသား ၁၅ ဦးဖြင့် ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၃ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ရက်ပေါင်း ၄၅ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**



## ကျောက်ဆည်မြို့နယ်၊ ရဲဘော်ကြီးကျေးရွာ၌ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း


**ကျောက်ဆည် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ရဲဘော်ကြီးကျေးရွာ၌ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ပဲတီစိမ်းပေါ်ချိန်တွင် ဈေးကွက်မြင့်လာသည့်အတွက် ပဲတီစိမ်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ပဲတီစိမ်းများ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် ရေဆင်း(၁၁)နှင့် ရေဆင်း(၁၄) ပဲတီစိမ်းမျိုးများ အဓိကစိုက်ပျိုးကြောင်း၊ မြေ၊ ရေ၊ ရာသီဥတုနှင့် အပင်အပြုအစုအပေါ် မူတည်၍ တစ်ဧက ၂၅ တင်းမှ ၃၅ တင်းအထိ ထွက်ရှိကြောင်း ညောင်ရွှေကျေးရွာမှ ပဲတီစိမ်းသီးနှံစိုက်ပျိုးသည့် တောင်သူ ဦးဝင်းညွန့်က ပြောသည်။

ရဲဘော်ကြီးကျေးရွာသည် သင်းတွဲ စိုက်ပျိုးရေးနည်းပညာ ပေးရေးတန်းစခန်းတွင် ပါဝင်ပြီး ပဲတီစိမ်းများကို ၁၂၆ ဧက စိုက်ပျိုးထားပြီး အခြားကျေးရွာအုပ်စုများဖြစ်သည့် ၄ဏ္ဍတောင်ကျေးရွာအုပ်စု၌ ၂၈ ဧက၊ ရွှေမားကျေးရွာအုပ်စု၌ ၄၉ ဧက စုစုပေါင်း ပဲတီစိမ်း ၂၀၃ ဧက စိုက်ပျိုးထားပြီး ပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်းရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက မျိုးစေ့များ၊ စိုက်ပျိုးပြုပြင်ခြင်း နည်းပညာများ ကူညီပေးလျက်ရှိကြောင်း သိရသည်။ **(၄၈၅)**

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင် တွေ့ဆုံဆွေးနွေး



ဘစ်ရှ်ကက် စက်တင်ဘာ ၂

မိမိနှင့် ရုရှားသမ္မတဗလာဒီမာ ပူတင်တို့၏ မဟာဗျူဟာမြောက်သည့် လမ်းညွှန်မှုများနှင့် နှစ်နိုင်ငံအကြား ကြိုးပမ်းအားထုတ်မှုများကြောင့် တရုတ်-ရုရှား နှစ်နိုင်ငံဆက်ဆံရေးသည် ခိုင်မာတည်ငြိမ်မှုရှိကာ တောက်ပသည့်အနာဂတ်ရှိနေကြောင်း တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

ကာဂျစ္စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့၌ကျင်းပသည့် ၂၀၂၆ခုနှစ် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးပြင်ပတွင် ရုရှားသမ္မတဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးစဉ် တရုတ်သမ္မတရှီကျင့်ဖျင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားသမ္မတဗလာဒီမာ ပူတင်၏ တရုတ်နိုင်ငံ ခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးကို အရည်အသွေးမြင့်မားပြီး အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်စေရန် မဟာဗျူဟာနှင့် ရေရှည်ရှုထောင့်မှ ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး တရုတ်နှင့် ရုရှားနှစ်နိုင်ငံကြား ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန် သဘောတူညီမှု ရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

နှစ်နိုင်ငံ တာဝန်ရှိသူများအနေဖြင့် သိသာထင်ရှားသည့် ရလဒ်များရရှိထားသည့် သဘောတူညီချက်များကို တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်နေပြီး နှစ်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာသည့်အဟုန်ဖြင့် ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

လက်ရှိ နိုင်ငံတကာအခင်းအကျင်းသည် ရာစုနှစ်တစ်ခုအတွင်း မကြုံစဖူး သိသာထင်ရှားစွာ ပြောင်းလဲနေကြောင်းနှင့် မရေရာမသေချာမှုများ သိသာထင်ရှားစွာ ရှိနေသည်ကို မြင်တွေ့နေရသော်လည်း ကမ္ဘာတစ်ဝန်းရှိ လူများ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိသော ရလဒ်များကို ရှာဖွေနေမှုမှာ မပြောင်းလဲဘဲ ရှိနေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဒေသတွင်း တည်ငြိမ်မှုကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် အရေးကြီးသောတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့် အဆင့်မြင့် ဖလှယ်မှုများကို ထိန်းသိမ်းရန်၊ ကုန်သွယ်ရေး၊ စွမ်းအင်၊ စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် သိပ္ပံနှင့်နည်းပညာကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန်၊ ပြည်သူအချင်းချင်း ယဉ်ကျေးမှုဖလှယ်မှုများကို မြှင့်တင်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးတွင် ရလဒ်အသစ်များ ရရှိရန်အတွက် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရန်ဆန္ဒရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့် ကုလသမဂ္ဂ၊ BRICS ယန္တရားနှင့် ဂျီ-၂၀ကဲ့သို့သော ဘက်စုံယန္တရားများအတွင်း ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအောင် ဆောင်ရွက်ရန်၊ APEC စီးပွားရေးခေါင်းဆောင်များ အစည်းအဝေးကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရာတွင် ထောက်ခံရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ကြွယ်ဝချမ်းသာမှုကို ပူးတွဲထိန်းသိမ်းရန် ဆန္ဒရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ ကိုးကား- ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တောင်ကိုရီးယား သမိုင်းဝင်အမွေအနှစ် နေရာများ၌ ဝင်ကြေးများကို လာမည့်နှစ်တွင် တိုးမြှင့်ကောက်ခံမည်

ဆိုးလ် စက်တင်ဘာ ၂

ဂျောင်ဘို့ဂန်နန်းတော်၊ ဒုတ်ဆူဂန်နန်းတော်နှင့် ဂျိုဆွန်းမင်းဆက်ရာဇဝင်ဂူဗိမာန်များ အပါအဝင် တောင်ကိုရီးယားနိုင်ငံ၏ အထင်ရှားဆုံး သမိုင်းဝင်အမွေအနှစ်နေရာများ၏ ဝင်ကြေးများကို လာမည့် ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် တိုးမြှင့်ကောက်ခံရန် သတ်မှတ်ထားသည်ဟု စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဝင်ကြေးများ မတိုးမြှင့်မီ သဘောထားအမြင်များကို ရယူရန်အတွက် အစိုးရအနေဖြင့် ဩဂုတ် ၅ ရက်တွင် ပြုလုပ်သည့် ကိုရီးယားအမွေအနှစ်များဆိုင်ရာ ဌာန၏ ထုတ်ပြန်ချက်အရ နိုဝင်ဘာလတွင် လူထုဆွေးနွေးပွဲတစ်ရပ် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဝင်ကြေးနှုန်းထားများကို ၂၀၀၅ ခုနှစ်မှစ၍ တိုးမြှင့်ခြင်းမရှိဘဲ မူလအတိုင်း ထားရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0



## ကမ္ဘာ့အပူချိန် ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ် ကျော်လွန်သွားပြီးနောက် ပြန်လည်လျှော့ချနိုင်မည့်နည်းလမ်းများ ကုလ အစီရင်ခံစာထုတ်ပြန်

ဝါရှင်တန် စက်တင်ဘာ ၂

ကမ္ဘာ့အပူချိန်သည် သတ်မှတ်ထားသည့် ရည်မှန်းချက်အမှတ်အသားဖြစ်သော ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ်ကို ကျော်လွန်သွားပြီးနောက် ယင်းအပူချိန်သို့ ပြန်လည်လျှော့ချနိုင်မည့် နည်းလမ်းများကို ကုလသမဂ္ဂက ယနေ့တွင် ပထမဆုံးအကြိမ် ဆန်းစစ်လေ့လာချက် အစီရင်ခံစာ ထုတ်ပြန်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ကမ္ဘာ့အပူချိန် ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယက်စ်ထက် ကျော်လွန်သွားမည်မှာ ရှောင်လွှဲ၍မရနိုင်ကြောင်း လွန်ခဲ့သည့်နှစ်တွင် ဝန်ခံခဲ့သော်လည်း ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုအနေဖြင့် အထူးပြုအစီရင်ခံစာ ထုတ်ပြန်၍ ဤပြဿနာကို တိုက်ရိုက်ရင်ဆိုင်ဖြေရှင်းခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးဖြစ်သည်။

စက်မှုတော်လှန်ရေးမတိုင်မီကာလနှင့် နှိုင်းယှဉ်ပါက အပူချိန် ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယက်စ်ထက် ပိုမိုမြင့်တက်လာခြင်းသည် ကြီးမားသည့် အန္တရာယ်များကို ဖြစ်ပေါ်စေကြောင်း သိပ္ပံပညာရှင်များက သဘောတူညီထားကြပြီး နိုင်ငံပေါင်း ၂၀၀ နီးပါးသည် ကမ္ဘာ့အပူချိန်မြင့်တက်မှုကို ပိုမိုဘေးကင်းသည့် ဤသတ်မှတ်ချက်အတွင်း၌သာ ထိန်းသိမ်းထားနိုင်ရန် ၂၀၁၅ ခုနှစ်တွင် ကတိကဝတ်ပြုခဲ့ကြကြောင်း သိရသည်။

Mon

## ကမ္ဘာလှည့်ခရီးသွားများအတွက် နေထိုင်ခွင့်ကာလကို ထိုင်းနိုင်ငံ ရက် ၃၀ အထိ ထက်ဝက်လျှော့ချသွားမည်

ဘန်ကောက် စက်တင်ဘာ ၂

ထိုင်းနိုင်ငံသည် ရက်ပေါင်းများစွာ ဗီဇာမလိုဘဲ လာရောက်လည်ပတ်ခွင့်ပြုထားသည့် နိုင်ငံနှင့် နယ်မြေများစွာမှ ကမ္ဘာလှည့်ခရီးသွားများအတွက် နေထိုင်ခွင့်ကာလကို ရက် ၃၀ အထိ ထက်ဝက်လျှော့ချသွားမည်ဖြစ်ပြီး အဆိုပါစနစ်ကို စက်တင်ဘာ ၁၅ ရက်တွင် စတင်ကျင့်သုံးမည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခရီးသွားလုပ်ငန်းသည် အရှေ့တောင်အာရှနိုင်ငံ၏ စီးပွားရေးအတွက် အရေးပါသော်လည်း ယခုဆောင်ရွက်ချက်သည် နိုင်ငံခြားသားများ ပါဝင်ပတ်သက်နေသည့် ပြစ်မှုများကို နှိမ်နင်းရန် ကြိုးပမ်းမှုတစ်ခုဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လတ်တလော ဖမ်းဆီးရမိမှုများတွင် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများ၊ လိင်ကုန်ကူးမှုများနှင့် တရားဝင် ခွင့်ပြုချက်မရှိဘဲ ဟိုတယ်နှင့် ကျောင်းများကဲ့သို့သော စီးပွားရေးလုပ်ငန်းများ တည်ထောင်လုပ်ကိုင်မှုဖြင့် စွပ်စွဲခံထားရသည့် နိုင်ငံခြားသားများ ပါဝင်ကြောင်း သိရသည်။

Mon

## တုပ်ကွေးတိုက်ဖျက်ရန် ခြင်များ လွှတ်ပေးသည့်နည်းလမ်းကို စင်ကာပူ၌ ဆယ်စုနှစ်တစ်ခုကျော်ကြာ ဆောင်ရွက်ခဲ့သည်ဟု ဆို

စင်ကာပူ စက်တင်ဘာ ၂

သွေးလွန်တုပ်ကွေးရောဂါကို တိုက်ဖျက်ရန် ခြင်များကို သဘာဝပတ်ဝန်းကျင်အတွင်းသို့ လွှတ်ပေးခြင်းမှာ ဆန့်ကျင်ဘက်ဖြစ်နေသည်ဟု ထင်မှတ်ဖွယ်ရှိသော်လည်း စင်ကာပူနိုင်ငံသည် အဆိုပါပြဿနာကို ဖြေရှင်းရန်အတွက် ဤနည်းလမ်းကို ဆယ်စုနှစ်တစ်ခု ကျော်ကြာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



၂၀၁၆ ခုနှစ်တွင် စတင်ခဲ့သည့် ဝိုဘက်ခ်ီးယားစီမံကိန်းသည် အေးဒီးစ်အေးဂျစ်တီ ခြင်ကောင်ရေကို ထိန်းချုပ်ရန်နှင့် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်နိုင်ခြေကို လျှော့ချရန်အတွက် အထူးမျိုးမွေးမြူထားသော အထီးခြင်များကို အသုံးပြုထားခြင်းဖြစ်သည်။

လူနာပေါင်း ၂၂၀၀၀ ကျော်အထိရှိခဲ့ပြီး စင်ကာပူနိုင်ငံ၏ အဆိုးရွားဆုံး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများထဲမှ တစ်ခုဖြစ်သည့် ၂၀၁၃ ခုနှစ် ဖြစ်စဉ်ကို အခြေခံ၍ ဓာတ်ခွဲခန်းတွင်း သုတေသနပြုမှုများနှင့် အန္တရာယ်စစ်ဆေးဆန်းစစ်မှုများကို နှစ်ပေါင်းများစွာ လုပ်ဆောင်ခဲ့ပြီးနောက် အဆိုပါစီမံကိန်းကို စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0

## နီပေါ-တိဘက်နယ်စပ်ဒေသ ဟိမဝန္တာရေခဲပြင်ပြိုကျပြီးနောက် နောက်ဆက်တွဲ အန္တရာယ်များကို အနီးကပ်စောင့်ကြည့်လျက်ရှိ

လန်ဒန် စက်တင်ဘာ ၂

ဟိမဝန္တာတောင်တန်း နီပေါ-တိဘက် နယ်စပ်ဒေသတွင် အမြင့်ပိုင်းရှိ ကျောက်ဆောင်များနှင့် ဟိမဝန္တာရေခဲပြင်များ ပြိုကျမှုကြောင့် ရေနှင့်သဲနုန်းဗွက်များ စီးဆင်းလာခဲ့ပြီးနောက် သိပ္ပံပညာရှင်များသည် ထိခိုက်ခံခဲ့ရသည့် ဆိုင်ရာဒေသ၏ နောက်ဆက်တွဲ အန္တရာယ်ရှိနိုင်ခြေ လက္ခဏာများကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပထမအကြိမ် ရေနှင့်ဗွက်နုန်းများ ပြင်းထန်စွာ စီးဆင်းမှုမှာ ပြီးဆုံးသွားခဲ့ပြီဖြစ်သော်လည်း ၎င်းဖြစ်စဉ်ကြောင့် ကျန်ရစ်ခဲ့သည့် အားနည်းသွားသော မြေပြင်အပြင် များပြားလှသည့် ရွံ့နုန်းများနှင့် ကျောက်ဆောင်များသည် မုတ်သုံမိုးရွာသွန်းမှုများကြောင့် ထပ်မံပြိုကျ စီးဆင်းလာနိုင်ခြေရှိသည်ဟု ကျွမ်းကျင်သူများက သတိပေးထားသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်သည် ဖြစ်စဉ်တစ်ခုပြီးတစ်ခု ကွင်းဆက်အဖြစ် ပေါ်ပေါက်လာသည့် "အဆင့်ဆင့်ဖြစ်ပေါ်သော သဘာဝဘေးအန္တရာယ်ကွင်းဆက်" ဖြစ်သည်ဟု ဗြိတိန်နိုင်ငံ ကိန်းဘရစ်ချ်တက္ကသိုလ်မှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ တွဲဖက်ပါမောက္ခ မက်ဇီမီလီယံဗန်ဝိုက်ခ်ဒီဗရီးစ်က သတိပေးပြောကြားကြောင်း သိရသည်။

Mon

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၀ နှင့် အမျိုးသမီး လေးဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် စက်တင်ဘာ ၂

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၀ နှင့် အမျိုးသမီး လေးဦး စုစုပေါင်း ၂၄ ဦးတို့သည် လက်နက်မျိုးစုံ ရှစ်လက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့မှ အမျိုးသား ၁၀ ဦး၊ (၇)မိုင်စခန်းမှ အမျိုးသား တစ်ဦး၊ ကြို့ပင်ကောက်မြို့မှ အမျိုးသား တစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား ငါးဦးနှင့် အမျိုးသမီး သုံးဦး၊ ရွှေတောင်မြို့မှ အမျိုးသား တစ်ဦး၊ ကျောက်ကြီးမြို့မှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦး၊ ကျောက်တံခါးမြို့မှ အမျိုးသား တစ်ဦးတို့အား ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ လူငယ်များအား အသိပညာပေးစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-3 သေနတ် တစ်လက်၊ M 4 သေနတ် တစ်လက်၊ ကာဘိုင်သေနတ် တစ်လက်၊ BA ၆၃ သေနတ် တစ်လက်၊ လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊ လက်လုပ်သေနတ် သုံးလက်၊ လက်ပစ်ဗုံး ၁၀ လုံး၊ မှန်ပြောင်း တစ်လက်၊ ကျည်အိမ် ခြောက်ခု၊ ကျည်မျိုးစုံ ၂၆၁ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် လေးလက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၀၊ လက်လုပ်သေနတ် လေးလက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၊ လက်ပစ်ဗုံး ၁၀ လုံးအတွက် ဆုကြေးငွေကျပ်သိန်း ၃၀၊ မှန်ပြောင်းတစ်လက်အတွက် ဆုကြေးငွေကျပ် နှစ်သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ ၂၄ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် သုံးသိန်းစီဖြင့် ငွေကျပ် ၇၂ သိန်း စုစုပေါင်း ဆုကြေးငွေကျပ် ၃၂၄ သိန်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ကိုယ်စား အလင်းဝင်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြစ်သာမြစ်ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ပြောင်းရွှေ့ရသည့် အိမ်ထောင်စုနှစ်စုအတွက် ရန်ပုံငွေထောက်ပံ့ ပေးအပ်

ဂန့်ဂေါ စက်တင်ဘာ ၂

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၊ မြောက်ကုန်းရပ်ကွက်တွင် ဩဂုတ် ၂၃ရက် နှင့် ၂၄ ရက်တို့တွင် မြစ်သာမြစ်ကမ်းပါးပြိုကျမှုကြောင့် ကမ်းပြိုဘေးသင့်ခဲ့သည့် အိမ်ခြေ နှစ်လုံးနှင့် အိမ်ထောင်စု နှစ်စု လူဦးရေ ၁၀ ဦး အတွက် ရန်ပုံငွေထောက်ပံ့ပေးအပ်မှုကို ယမန်နေ့ နံနက်ပိုင်းက ကမ်းပြိုဘေးသင့်ပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။



ကမ်းပြိုဘေးသင့်ခဲ့သည့် အိမ်ထောင်စု နှစ်စုတို့အတွက် ရန်ပုံငွေထောက်ပံ့ပေးအပ်မှုကို ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် တာဝန်ရှိသူများက ကမ်းပြိုဘေးသင့်ခဲ့သည့် ဦးခင်မောင်ရွှေနှင့် မိသားစုငါးဦးအတွက် ခရိုင်၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ နှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ဆန်ရိက္ခာဖိုးငွေကျပ် ၂၅၀၀၀ နှင့် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၁၀၀၀၀၀၊ စုစုပေါင်း ငွေကျပ် ၂၂၅၀၀၀ ကိုလည်းကောင်း၊ ကမ်းပြိုဘေးသင့်ခဲ့သည့် ဦးညွန့်ဝေနှင့် မိသားစု ငါးဦးအတွက် ခရိုင်၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ ထောက်ပံ့ ငွေကျပ် ၁၀၀၀၀၀၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုးငွေကျပ် ၂၅၀၀၀နှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၁၀၀၀၀၀၊ စုစုပေါင်း ငွေကျပ် ၂၂၅၀၀၀ တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကမ်းပြိုဘေးသင့်ခဲ့သည့် မိသားစုများနှင့်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မောင်မျိုးမင်း(ပြန်/ဆက်)

## ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်နှင့် လက်ကမ်းစာစောင် ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်

သီပေါ စက်တင်ဘာ ၂

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ဌာနစိတ်(သီပေါ) ဒုတိယရဲအုပ် ကျော်ဇင်မိုးနှင့် ပူးပေါင်းအဖွဲ့သည် တောင်မြို့ရပ်ကွက်၊ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးတွင် စီးနင်းသွားလာလျက်ရှိသော ဆိုင်ကယ်စီးနင်းသူများအား အသိပညာပေးခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ဌာနစိတ်(သီပေါ)မှ ဒုတိယရဲအုပ်က ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းရန်၊ မေးသိုင်းကြိုးတပ်ဆင်ရန်၊ ဆိုင်ကယ်အား နှစ်ဦးထက်ပို၍ စီးနင်းခြင်းမပြုရန်၊ လက်ယာဘက်ကပ်၍မောင်းနှင်ရန်၊ ဆိုင်ကယ်နံပါတ်ပြားများ တပ်ဆင်ထားရန်၊ နောက်ကြည့်မှန်များ တပ်ဆင်မောင်းနှင်ကြရန် စသည်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး အသိပညာပေးပြောကြားခဲ့ပြီး ရောင်ပြန်စတစ်ကာများ ကပ်ပေးခြင်း၊ ဆိုင်ကယ်စီးဦးထုပ် အလုံး ၇၀ နှင့် အသိပညာပေး လက်ကမ်းစာစောင်များအား အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀



## မလေးရှားထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂

မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရအနေဖြင့် မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်မှုကြောင့် ပြစ်ဒဏ်များ ကျခံခဲ့ပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများ၌ ထိန်းသိမ်းခံရကာ မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၀၈၆ ဦးကို လူသားချင်းစာနာထောက်ထားမှုအရ နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းကာ မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် ပထမဆုံးအကြိမ်အဖြစ် ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။

ယခုအခါ အလားတူ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များ ကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစိစစ်ပြီးသူ ၁၄၇၆ ဦးအား ၂၀၂၆ ခုနှစ် ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်နိုင်ရန် မြန်မာအစိုးရအနေဖြင့် မလေးရှားအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

သို့ရာတွင် မလေးရှားနိုင်ငံဘက်မှ အထက်ပါနေ့ရက်များတွင် လာရောက်ခေါ်ဆောင်ရန် အဆင်ပြေမှု မရှိပါကြောင်းနှင့် စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ပြန်လည်စီစဉ်ရန် အဆိုပြုလာပါသဖြင့် မြန်မာအစိုးရသည် မလေးရှားနိုင်ငံဘက်မှ အဆိုပြုသည့်နေ့ရက်များတွင် ခရီးစဉ်အား ပြန်လည်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်ပရောက် မိမိနိုင်ငံသားများ၏ အရေးကိစ္စများကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိရာ ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲများနှင့် ဒုက္ခကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရေးတို့အတွက် သက်ဆိုင်ရာ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် လိုအပ်သော ကောင်စစ်ရေးရာ ကူညီစောင့်ရှောက်မှုများကို အစဉ်တစိုက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

# မြို့သစ်မြို့နယ်ရှိ စွန်ဆည်ရေလှောင်တမံ ရေပိုလွှဲမှ (သုည ဒသမ သုံးပေ)ဆက်လက် ရေကျော်ကျလျက်ရှိ

**မြို့သစ် စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ဩဂုတ်လဆန်းပိုင်းမှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် စွန်ဆည်ရေလှောင်တမံရေပိုလွှဲမှ ရေကျော်ကျလျက်ရှိရာ စက်တင်ဘာ ၂ ရက် နံနက် ၆ နာရီ ဆည်ရေတိုင်းထွာချက်အရ စွန်ဆည်ရေလှောင်တမံ ရေပိုလွှဲမှ(သုည ဒသမ သုံးပေခန့်) ဆက်လက်ရေကျော်ကျလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ (ဓာတ်ပုံ)

စွန်ဆည်ရေလှောင်တမံ၏ ရေပြည့်မှတ်သည် (၆၂၅)ပေ ဖြစ်ပြီးလက်ရှိရေမှတ်မှာ (၆၂၅ ဒသမ ၃၀)ပေရှိသည့်အတွက် ရေပိုလွှဲမှ (သုည ဒသမ သုံးပေခန့်) ဆက်လက်ရေကျော်ကျလျက်ရှိကြောင်း သိရသည်။

စွန်ဆည်ရေလှောင်တမံရေပိုလွှဲမှ ရေကျော်ကျမှုရှိသော်လည်း ဆည်၏ ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်သည့်အတွက် စိုးရိမ်စရာအခြေအနေမရှိကြောင်းနှင့် ဆည်အခြေအနေနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများက အနီးကပ်ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ ဆည်အောက်ပိုင်းရှိ ကျေးရွာနေပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အသိပေးနှိုးဆော်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

ဝင်းအိစွန်(ပြန်/ဆက်)



# ဂျင်ပိုင်းလောင်းကစားသူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးအရေးယူ

**မကွေး စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၌ ဂျင်ပိုင်းလောင်းကစားသူများအား သက်သေခံ ယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၆ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့



ဘက်ရှိ ပဲစင်းငုံခင်းထဲ၌ ဂျင်ပိုင်းလောင်းကစားနေကြောင်း သတင်းအရ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာ၌ ချောက်မြို့နယ်၊ ပွင့်လင်းကျေးရွာနေ ဦးညွှန့်ဆွေ (၅၇)နှစ်၊ စလင်းမြို့နယ်၊ ရဒေးကျေးရွာနေ ဒေါ်ထွေးထွေးမူ (၄၃)နှစ်၊ မကွေးမြို့နယ်၊ နွားကူးကျေးရွာနေ ဦးထက်စိုးအောင် (၄၄)နှစ်၊ ဒေါင်းသေကျေးရွာနေ ဦးကျော်ဝင်းစိန် (၄၄)နှစ်ဆိုသူနှင့် မကြီးကန် ကျေးရွာနေ ဒေါ်သင်းသင်းမာ(ခ)တောက်တောက်(၃၆)နှစ်ဆိုသူတို့အား ဂျင်ပိုင်းလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများ၊ လက်ကိုင်ဖုန်းမျိုးစုံ ငါးလုံး၊ မီနီအိုးဝေနှစ်စီး၊ ဆိုင်ကယ်မျိုးစုံ အစီး ၂၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဦးညွှန့်ဆွေ(ပါ-၅)ဦးဆိုသူ တို့အား မကွေးမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဓာတ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# ယာဉ်တိုက်မှုဖြစ်ပွား၊ အမျိုးသားတစ်ဦး သေဆုံး

**တောင်ကြီး စက်တင်ဘာ ၂**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၌ ဩဂုတ် ၂၉ ရက်က ၂၂ဘီး နောက်တွဲမော်တော်ယာဉ်မှ ဘေးချင်းယှဉ်မောင်းနေသည့် မော်တော်ဆိုင်ကယ်အား ပွတ်ချိတ်မိခဲ့မှုကြောင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၉ ရက် ညနေ ၆ နာရီခွဲက ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ကျောင်းကြီးစုရပ်ကွက်၊ အနောက်မြို့ပတ်လမ်းမပေါ် တောင်ကြီးတက္ကသိုလ်ဓမ္မာရုံအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (တောင်ကြီး)မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အနောက်မြို့ပတ်လမ်းမကြီးအတိုင်း တောင်ကြီးတက္ကသိုလ်မှ ဇရာဝတီလမ်းဆုံမီးပွိုင့်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နေ ဦးအေးနိုင်(၅၆)နှစ်ဆိုသူ မောင်းနှင်လာသည့် SHACMAN TRACTOR HEAD အမျိုးအစား ၂၂ဘီး နောက်တွဲမော်တော်ယာဉ်သည် ယာဘက်တွင် ဘေးချင်းယှဉ်မောင်းနေသည့် တောင်ကြီးမြို့နယ်၊ ကန်ကြီးရပ်ကွက်နေ ကိုချစ်ကိုဇော်(၂၃)နှစ်ဆိုသူ မောင်းနှင်နေသည့် LUOJIA 125 အမျိုးအစား မော်တော်ဆိုင်ကယ်အား ၂၂ဘီး နောက်တွဲမော်တော်ယာဉ်နှင့် ပွတ်ချိတ်မိခဲ့ပြီး မော်တော်ဆိုင်ကယ်လဲကျစဉ် ကိုချစ်ကိုဇော်ဆိုသူအား နောက်တွဲမော်တော်ယာဉ်၏ ယာဘက်နောက်ဘီးနှင့် ထပ်မံကြိတ်မိခဲ့သဖြင့် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ယာဉ်အား မဆင်မခြင်ပေါ့လျော့စွာမောင်းနှင်သူ အေးနိုင်ဆိုသူအား တောင်ကြီးမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၂

ယနေ့နံနက် ၇ နာရီ ၂၁ မိနစ် ၅၅ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် မိုင် ၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (စဉ့်ကိုင်မြို့၏အနောက်ဘက် လေးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၇၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၄ ဒီဂရီ၊ အနက် ရှစ်ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃.၇(M) အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ အမျိုးသမီးတစ်ဦးအားသတ်ဖြတ်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားသူ တရားခံအမျိုးသားတစ်ဦး ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ အမျိုးသမီးတစ်ဦးအား သတ်ဖြတ်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်ခဲ့သူ တရားခံ ညဏ်စိုးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိနိုင်ရေး ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



တရားခံညဏ်စိုး

ဖြစ်စဉ်မှာ ဩဂုတ် ၂၈ ရက် ညနေပိုင်းတွင် ဒေါ်သန်းသန်းနုသည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက် မင်္ဂလာသီဒ္ဓိလမ်းနှင့် ဓမ္မပါလလမ်းထောင့်ရှိတိုက်အမှတ် ၄၅ ပထမထပ်နေ သူငယ်ချင်းဖြစ်သူ ဒေါ်ခင်မိုးကြည်(၅၄)နှစ်၏ အခန်းသို့သွားရောက်၍ တံခါးအရှေ့မှ ဒေါ်ခင်မိုးကြည်အား ခေါ်ခဲ့ရာ ခေါ်မရသဖြင့် အိမ်နီးချင်းများနှင့်အတူ အခန်း၏ သံပန်းတံခါးအားဖျက်၍ ဝင်ရောက်ကြည့်ရှုစဉ် အခန်းပေါက်ဝ ဘုရားခန်းရှေ့၌ ဒေါ်ခင်မိုးကြည်မှာ ထိုးသွင်းဒဏ်ရာ သုံးချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သတင်းပေးပို့တိုင်တန်းချက်အရ ဗဟန်းမြို့မ ရဲစခန်း (ပ)၂၆၈/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်လှစ်ပြီး တရားခံအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တရားခံအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ် စစ်ဆေးခြင်း၊ နယ်မြေသတင်း ရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁ ရက် ညပိုင်းတွင် လူသတ်မှုကျူးလွန်သူ တရားခံ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက်နေ ညဏ်စိုး(၂၀)နှစ်အား မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် (၆)ရပ်ကွက်ရှိ The Waiting Lodge Hotel အခန်းအမှတ် B-06 ၌ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် သက်သေခံပစ္စည်းများသိမ်းဆည်းရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မုံရွာမြို့၊ ချမ်းမြဝတီရပ်၌ နေအိမ်မီးလောင်မှု ဖြစ်ပွား

**မုံရွာ စက်တင်ဘာ ၂**

မုံရွာမြို့၊ ချမ်းမြဝတီရပ် မနောသုခလမ်းရှိ နေအိမ်တစ်အိမ်၌ ဩဂုတ် ၃၀ ရက် ည ၁၁ နာရီခန့်က ဆိုလာဘက်ထရီ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဆိုလာသုံး ဘက်ထရီ အပူလွန်ကဲပြီး ရှော့ဖြစ်ရာမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းရာ သွပ်မိုး၊ ကပ်ကာနှစ်ထပ် အိမ်တစ်လုံး၊ သွပ်မိုး၊ ကပ်ကာတစ်ထပ်အိမ်နှစ်လုံး၊ ဆိုင်ကလုံးဆိုင်ကယ် တစ်စီး၊ စူပါကပ်ဆိုင်ကယ် တစ်စီး၊ ဆိုလာသုံးချပ်နှင့် ဘက်ထရီအိုးတစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုကို စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ မုံရွာခရိုင်မီးသတ်စခန်း၊ မုံရွာမြို့နယ်မီးသတ်စခန်းတို့ အပါအဝင် ရပ်ကွက်များမှ မီးငြိမ်းသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ်ခြောက်စီး၊ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလူမှုကူညီရေးအဖွဲ့၊ လူငယ်အားမာန်၊ ပေးဆက်သူလူမှုကူညီရေးအဖွဲ့များမှ အသင်းဝင်များက ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၁၁ နာရီ ၂၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

(၃၉၄)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Ma Seint" TikTokအကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပိုးလောင်းလေးကျေးရွာနေ စိမ့်စိမ့်သူအား မွန်းလွဲ ၂ နာရီခွဲတွင် ပြင်စလူနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတကာ အားကစား သတင်းများ

## ဂျေးဇူး ဘာစီလိုနာအသင်းတွင် ကျောနံပါတ်(၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်




**ဘာစီလိုနာ စက်တင်ဘာ ၂**

တိုက်စစ်မှူး ဂျေးဇူး ဘာစီလိုနာအသင်းတွင် ကျောနံပါတ်(၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် နွေရာသီဈေးကွက်အတွင်းတွင် အာဆင်နယ်အသင်းမှ ဘာစီလိုနာအသင်းသို့ ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂျေးဇူးသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၃ ပွဲ ကစားပြီး ၃၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် တိုက်စစ်မှူး ဂျေးဇူးအနေဖြင့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ စပိန်လာလီဂါပြိုင်ပွဲ၌ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(ဝဲပုံ) (NGB)**

0-0-0-0-0-0-0

## မိုရီနိုကို နည်းပြသစ်အဖြစ် တောင်ကိုရီးယားအသင်း ခန့်အပ်

**ဆိုးလ် စက်တင်ဘာ ၂**



တောင်ကိုရီးယားအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ မိုရီနိုကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် စပိန်၊ မိုနာကို၊ ဂရန်းနာဒါ၊ ဆိုချီ စသည့် အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် တောင်ကိုရီးယားအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ မိုရီနိုသည် တောင်ကိုရီးယားအသင်းကို ကိုင်တွယ်ခွင့်ရသည့် ပထမဆုံး စပိန်လူမျိုး နည်းပြအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အသက်(၄၈)နှစ်အရွယ်ရှိ မိုရီနိုက "ကျွန်တော် တောင်ကိုရီးယားအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း အောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ) (NGB)**

## ဝက်စ်ဟမ်းအသင်းက ဝုဖ်အသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် စက်တင်ဘာ ၂**

အင်္ဂလိပ်ချန်ပီယံရှစ် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဝက်စ်ဟမ်းအသင်းနှင့် ဝုဖ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝက်စ်ဟမ်းအသင်းက ဝုဖ်အသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဝက်စ်ဟမ်းအသင်းအတွက် သွင်းဂိုး လေးဂိုးကို ပွဲချိန် ၃၃ မိနစ်နှင့် ၅၃ မိနစ်တွင် မူကာဆာ၊ ပွဲချိန် ၄၂ မိနစ်တွင် ဘိုဝင်၊ ပွဲချိန် ၆၄ မိနစ်တွင် မာဇရိုပါနိုစ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် အင်္ဂလိပ်ချန်ပီယံရှစ် ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၅ ရက်တွင် ဒါဘီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အပေါ်ယာပုံ) (NGB)**




## ဒိုဒီလူကီဘာကီယိုကို ခေါ်ယူရန် ဆန်းဒါးလန်းအသင်း စီစဉ်

**လန်ဒန် စက်တင်ဘာ ၂**

ဆန်းဒါးလန်းအသင်းသည် ဘင်ဖီကာအသင်းတောင်ပံကစားသမား ဒိုဒီလူကီဘာကီယိုကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘင်ဖီကာအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈ ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားနိုင်ခဲ့ခြင်းကြောင့် ဆန်းဒါးလန်းအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဘင်ဖီကာအသင်းကလည်း ဒိုဒီလူကီဘာကီယိုအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ဆန်းဒါးလန်းအသင်းအနေဖြင့် ဘင်ဖီကာအသင်းထံမှ ဒိုဒီလူကီဘာကီယိုကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)(NGB)**



## ဘရူနိုဖာနန်ဒက်စ်ကို လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် မန်ယူအသင်း စီစဉ်

**လန်ဒန် စက်တင်ဘာ ၂**




မန်ယူအသင်းသည် အသင်းအစိက ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ကို လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား၏ လက်ရှိလုပ်ခလစာသည် တစ်ပတ်လျှင် စတာလင်ပေါင် ၃၀၀၀၀၀ ဝန်းကျင်ရရှိနေပြီး စာချုပ်သစ် ချုပ်ဆိုပါက စတာလင်ပေါင် ၃၅၀၀၀၀ အထိ ရရှိသွားမည် ဖြစ်သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် မန်ယူအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂၉ ပွဲကစားပြီး ဂိုး ၁၁၀ အထိ သွင်းယူထားသည်။

မန်ယူအသင်း၏ ထုတ်ပြန်ချက်တွင် "ဘရူနိုဖာနန်ဒက်စ်ကို စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)**

**(NGB)**

## မားတီးယပ်ဖာနန်ဒက်ဇ်ကို နယူးကာဆယ်အသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၂**

နယူးကာဆယ်အသင်းသည် လိုင်လီအသင်းကွင်းလယ်တိုက်စစ်ကစားသမား မားတီးယပ်ဖာနန်ဒက်ဇ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၁ ဒသမ ၄ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် နယူးကာဆယ်အသင်းတွင် ကျောနံပါတ်(၂၀)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။



ကွင်းလယ်တိုက်စစ်ကစားသမား မားတီးယပ်ဖာနန်ဒက်ဇ်သည် လိုင်လီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၁ ပွဲကစားပြီး ၁၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

နယူးကာဆယ်အသင်းသည် နွေရာသီဈေးကွက်အတွင်းတွင် ကစားသမား ရှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**




## ဂျိုဖူဝါဗာထရူးဒ် ကြွက်သားဒဏ်ရာကြောင့် သုံးပတ်ခန့် အနားယူရဖွယ်ရှိ

**မက်ဒရစ် စက်တင်ဘာ ၂**

ဗယ်လက်ကာနိအသင်း နောက်ခံကစားသမား ဂျိုဖူဝါဗာထရူးဒ် ကြွက်သားဒဏ်ရာကြောင့် သုံးပတ်ခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဗယ်လက်ကာနိအသင်းက ဘာစီလိုနာအသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဂျိုဖူဝါဗာထရူးဒ်သည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဗယ်လက်ကာနိအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက် တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ဂျိုဖူဝါဗာထရူးဒ်သည် ဗယ်လက်ကာနိအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉ ပွဲ ကစားကာ ခြေစွမ်းပြထားသည်။

**(ဝဲပုံ)(NGB)**

0-0-0-0-0-0-0

-0-0-0-0-

## 2026 Montreux Nestlé Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၇ ရက်တွင် စတင်မည်

**ဇူးရစ် စက်တင်ဘာ ၂**

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ လာမည့် စက်တင်ဘာ ၇ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၇ ရက်မှ ၁၄ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။




2026 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ပိုလန်တင်းနစ်မယ် Maja Chwalinska ဖြစ်သည်။

**(ဝဲပုံ)(NGB)**

* * * * * *

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်–၆) — နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၄-၉-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | ဆိုစီဒက် - ဆဲလ်တာဗီဂို | ဆိုစီဒက် ၃-၁ ဆဲလ်တာဗီဂို<br>ဆဲလ်တာဗီဂို ၁-၁ ဆိုစီဒက် |

### ပြင်သစ်လီဂူးဘောလုံးပြိုင်ပွဲ(ပွဲစဉ်–၃) — နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၄-၉-၂၀၂၆<br>နံနက် ၀၁:၁၅နာရီ | တူးလော့စ် - လိုင်လီ | တူးလော့စ် ၀-၄ လိုင်လီ<br>လိုင်လီ ၂-၁ တူးလော့စ် |

# ဒက္ခိဏသီရိမြို့နယ်၌ သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်မည့် (CBFP) နှင့် (WRF) စီမံကိန်းလုပ်ငန်းများ ရှင်းလင်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျ စိုက်ပျိုးရေးစနစ် (Cooperative Based Farming Project - CBFP) စီမံကိန်းနှင့် သီးနှံသိုလှောင်ရုံ၊ သီးနှံအပ်လက်မှတ်ကြိုတင်ချေးငွေ (Warehouse Receipt Financing - WRF) စနစ်ဖြင့် ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ ဆွေးနွေးပွဲသို့ ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ၊ နေပြည်တော် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မိုးစပါး စိုက်ပျိုးရေးစီမံကိန်း ဆောင်ရွက်သည့် အခြေခံသမဝါယမအသင်းများမှ အသင်းသားတောင်သူ ၈၅ ဦး တက်ရောက်ကြသည်။



ရှေးဦးစွာ ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကား ပြောကြားပြီး တောင်သူလယ်သမားများ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်မည့် CBFP နှင့် WRF စီမံကိန်းလုပ်ငန်းဆောင်ရွက်သွားမည့် စနစ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူးများ၊ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်အင်ဂျင်နီယာနှင့် Aung Than Htike Co., Ltd. မှ တာဝန်ရှိသူတစ်ဦးတို့က သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော သမဝါယမအသင်းသား တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**သျှင်ဦးမောင်(ဒက္ခိဏ)**



# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) စာချစာသင်သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂**

မန္တလေးမြို့ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ စာချစာသင် သံဃာတော်များအား အလှူရှင် ဦးတင်အောင် + ဒေါ်ဆွဲ(ခ)ဒေါ်ညွန့်ညွန့် တို့၏ မွေးနေ့ကုသိုလ်အဖြစ် သမာဓိကားပစ္စည်းနှင့် စက်သုံးဆီရောင်းဝယ်ရေးမိသားစု၊ လမ်း ၈၀၊ ၃၉ လမ်းနှင့် လမ်း၄၀ကြား၊ မန္တလေးမြို့မှ ရာသက်ပန် (၃၆) ကြိမ်မြောက် နေ့ဆွမ်း၊ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ဆက်ကပ်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

လှူဒါန်းမှုအစုစုအတွက် ဌာနကြီးမှူးဆရာတော် ဘဒ္ဒန္တကုမုဒက ရေစက်ချ တရားတော်ဟောကြားပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ထို့နောက် စာချစာသင်သံဃာတော် ၃၄၈ ပါးအား နေ့ဆွမ်းဆက်ကပ်ပြီး ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ၊ ရေသန့်ဘူးများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**



# VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**ခေါင်လန်ဖူး စက်တင်ဘာ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မရားလ်ဒမ်းကျေးရွာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး (VDP)စီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်(VDP) စီမံကိန်းတာဝန်ခံနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်း၊ စီမံချက်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေး တက်ရောက်လာကြသူများက မိမိတို့ကျေးရွာအလိုက် တာဝန်ထမ်းဆောင်မည့် ကျေးရွာကော်မတီဝင် ခုနစ်ဦးနှင့် စီမံကိန်းလုပ်ငန်းများအား အများဆန္ဒနှင့်အညီ ဆန္ဒမဲပေး၍ ရွေးချယ်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ခေါင်လန်ဖူးမြို့နယ်၊ မရားလ်ဒမ်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှုတို့ဖြင့် ကျေးရွာ၏ အဓိက လိုအပ်ချက်များပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာနေပြည်သူလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

သင့် ကျန်းမာရေးအတွက်
နေ့စဉ်လမ်းလျှောက်ပါ ။

# ကန့်ဘလူမြို့၌ မိုးရာသီ U- 19 အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**ကန့်ဘလူ စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၌ ၂၀၂၆ ခုနှစ် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား မိုးရာသီ U-19 အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို စက်တင်ဘာ ၁ ရက် ညနေ ၄ နာရီက မြို့မအားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

U-19 အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် သူရိန်နန်းအသင်းနှင့် မြင့်မိုရ်(၂) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သူရိန်နန်းအသင်းက နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးမင်းခန့်သွင်နှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမားဆု၊ပထမ၊ဒုတိယ၊ ဂုဏ်ပြုဆုငွေ၊ တစ်ဦးချင်းဆုတံဆိပ်များနှင့် တံခွန်စိုက်ဒိုင်းဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား U- 19 အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အသင်းပေါင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**ကန့်ဘလူ စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် မွေးကင်းစမှ တစ်နှစ်ခွဲအထိ ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက ကန့်ဘလူမြို့ပေါ်ရှိ ရပ်ကွက်များမှ မွေးကင်းစမှ တစ်နှစ်ခွဲအထိ ကလေးငယ်များကို အသက်အရွယ် အပိုင်းအခြားအလိုက် ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင်ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော ရိုတ(Rota) ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

*-*-*-*-*-*-*

## ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများအကြောင်း အသိပညာပေးဟောပြော



**မန္တလေး စက်တင်ဘာ ၂**

ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်၊ သံလျက်မော် အနောက်ရပ်ကွက်၊ ၄၂ လမ်းနှင့် ကမ်းနားလမ်းရှိ လိုရာပြည့်စုံရန်မျိုးလုံပေါ်တော်မူ ဘုရားငါးဆူဓမ္မဗိမာန်တွင် ကျင်းပသည်။

ဟောပြောပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်း (ခ)ဦးယဉ်မောင်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြိုးသန္တာ၊ မဟာအောင်မြေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးခိုင်လင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်ကိုကို၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူး ဒေါ်နိုင်နိုင်ဖြိုး၊ ဘဏ္ဍာရေးမှူး ဦးကိုကိုကြီးနှင့် မြို့နယ်ပါတီဝင်များ၊ သံ/နောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းထွန်းရှိန်နှင့် ရပ်ကွက်ကြီး(၁၈)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ ရပ်ကွက်ပြည်သူ ၃၀၀ ဦး တက်ရောက်ခဲ့သည်။ **(အပေါ်ဝဲပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ်တို့က အဖွင့်မိတ်ဆက်စကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်း အာဏာတည်သောနေ့နှင့် ပတ်သက်သော ပြည်သူ့စစ်မှုထမ်းရမည့် တာဝန်သည် နိုင်ငံသားတိုင်းမှာ တာဝန်ရှိသည့်အကြောင်းအရာများနှင့် ဥပဒေ၊ နည်းဥပဒေများအကြောင်းကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး သန်းစိုးက မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသည့်ပြည်သူများက စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ မရှင်းလင်းသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။**(ဝ၄၁)**

## ပုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်သို့ ဝါဆိုဆန်များ လှူဒါန်း



**မန္တလေး စက်တင်ဘာ ၂**

မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယကဆရာတော်၊ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဆရာတော်၊ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သော အသင်းချုပ်ရုံး(မန္တလေး)သို့ တောင်ပေါ် အရပ်ဒေသတွင် သာသနာပြန့်ပွားရေးအတွက် အားထုတ်ဆောင်ရွက်နေသည့် သံဃာတော်များအား ဝါဆိုဆန်၊ ဝါဆိုသင်္ကန်းတို့ကို ရပ်ဝေး၊ ရပ်နီးမှ လှူဒါန်းလျက်ရှိသည်။ အသင်းချုပ်အနေဖြင့် ချင်းပြည်နယ်၊ မင်းတပ် ဘဒ္ဒန္တပညာသီရိ (ခေတ္တ)အား အသင်းချုပ်ဥက္ကဋ္ဌ ဦးလှဝင်းနှင့် အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မြတို့က အလှူရှင်များကိုယ်စား ဝါဆိုဆန်တစ်အိတ်နှင့် သင်္ကန်းတစ်စုံ၊ စုစုပေါင်းတန်ဖိုးငွေကျပ် တစ်သိန်းသုံးသောင်းကို ယမန်နေ့က လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

မန္တလေးမြို့နေ ဦးစိုးနိုင်အား ရည်စူး၍ ဒေါ်ခင်မြိုင်(သုခစတိုး)က ဝါဆိုဆန်အတွက် ငွေကျပ်တစ်သိန်းနှစ်သောင်း၊ မန္တလေးမြို့နေ နှစ်ဖက်မိဘတို့အား ရည်စူး၍ ဦးချစ်မောင်(ဒု-ညွှန်မှူး)ငြိမ်း + ဒေါ်ယဉ်ယဉ်၊ သားမြေးတစ်စုက ငွေကျပ်တစ်သိန်း၊ မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ ဦးစိုးမြင့် + ဒေါ်ကြွယ်ကြွယ်ဝင်း မိသားစုက ငွေကျပ်ရှစ်သောင်း၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ ဒေါ်ခင်ထွေး (သုခိတာ) မိသားစုက ငွေကျပ်ရှစ်သောင်း၊ ပြင်ဦးလွင်မြို့နေ ဒေါ်အေးအေးသန်းက ငွေကျပ်ရှစ်သောင်း၊ မန္တလေးမြို့နေ ဒေါက်တာ ခင်ခင်ဝင်း မိသားစုက ငွေကျပ်တစ်သိန်းခြောက်သောင်း လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၄၉)**

## သာသနလင်္ကာရ သာမဏေကျော် စာအောင်ဆုပဒေသာပင်အတွက် အလှူငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ပရိယတ္တိသာသနဟိတ အသင်းကြီးသို့ ဩဂုတ် ၃၁ ရက်က ရန်ကုန်မြို့နေ နှစ်ဖက်သော ဘိုးဘွားမိဘများနှင့် ဇနီး ဒေါ်မြင့်မြင့်သန်းတို့အား ရည်စူး၍ ဦးလှမြင့်သိန်း၊ (သား)ဦးသိန်းသန်းဖြိုး + ဒေါ်ခင်သူသူဝင်း၊ (မြေး) ဘုန်းမြတ်ကို၊ မင်းစည်သူဖြိုး၊ ဖူးမြတ်ပြည့်စုံ၊ (သား) ဦးသိန်းသန်းတိုး + ဒေါ်ချောစုထွေး၊ (မြေး) မေမြတ်စုသိန်း၊ ဘုန်းမြင့်မြတ်သိန်း၊ (သမီး) ဦးရှိန်းသူအောင် + ဒေါက်တာ ပြည့်ပြည့်သိန်း၊ (မြေး)လင်းလပြည့်ရှိန်း၊ မေပြည့်စုံရှိန်း မိသားစုက သာသနလင်္ကာရ သာမဏေကျော် စာအောင်ဆုပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၁၀၀၀ ကို လာရောက်လှူဒါန်းကြရာ အသင်းကြီး ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(၀၇၀)

## သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ ရှင်းလင်း

**ပျဉ်းမနား စက်တင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်အတွင်းရှိ သမဝါယမအသင်းများအား သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ်(Cooperative Based Farming Project) (CBFP) စီမံကိန်းနှင့် သီးနှံသိုလှောင်ရုံ၊ သီးနှံအပ်လက်မှတ် ကြိုတင်ချေးငွေ (Warehouse Receipt Financing) (WRF) စနစ်ဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းစဉ်များအား ချပြရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေးနှင့် လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဌေး၊ နေပြည်တော် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သမဝါယမအသင်းသား တောင်သူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က တောင်သူလယ်သမားများ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ အမှာစကားအသီးသီး ပြောကြားကြပြီး နေပြည်တော် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်မည့် (CBFP), (WRF) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများနှင့် လုပ်ငန်းစနစ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ် သမဝါယမဦးစီးဌာနတို့မှ မြို့နယ်ဦးစီးမှူးများက သက်ဆိုင်ရာမြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး Myanmar Agribusiness Public Co.,Ltd. မှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြဆွေးနွေးကာ တက်ရောက်လာကြသည့် သမဝါယမအသင်းသားများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

## မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် မီးသတ်ဦးစီးမှူးများ တွေ့ဆုံ၊ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်

**မန္တလေး စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ် မီးသတ်ဦးစီးမှူးများ၊ အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ ဦး၊ ရေး၊ ထောက်၊ ငွေစာရင်းဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ၈၁ လမ်းနှင့် ၂၉ လမ်းထောင့်၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်စခန်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။**(အောက်ဝဲပုံ)**



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ဌာနဆိုင်ရာတာဝန်ရှိသူများ၏ လမ်းညွှန်မှာကြားချက်များအား ချပြရှင်းလင်းခြင်းနှင့် ဒုတိယ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးက ဦး၊ ရေး၊ ထောက်၊ ငွေစာရင်းဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးမှူးများက ဦးနှောက်အတွင်း သွေးခဲခြင်းကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အမရပူရမြို့နယ်မှ မီးသတ်တပ်ကြပ်ကြီး တင်မိုးဝင်းအား ကျန်းမာရေးထောက်ပံ့ငွေကျပ် လေးသိန်းငါးသောင်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၄၅)**




# အလှအပနှင့် ကျန်းမာရေးကဏ္ဍ



## ခန္ဓာကိုယ်ရဲ့ ဇီဝနာရီနဲ့အညီ Skincare လိမ်းကြမယ်

ကျွန်မတို့ရဲ့ ခန္ဓာကိုယ်မှာ ၂၄ နာရီပတ်လုံး ထိန်းချုပ်ထားတဲ့ ဇီဝနာရီ (Circadian Rhythm) ရှိသလိုပဲ မျက်နှာပေါ်က အရေပြား ဆဲလ်လေးတွေမှာလည်း နံနက်နဲ့ ည အလုပ်လုပ်ပုံ မတူကြပါဘူး။ ဒါကို နားလည်ထားရင် Skincare လိမ်းရတာ ပိုပြီး ခရီးရောက်ပါတယ်။ နံနက်ပိုင်း အချိန်တွေမှာ အရေပြားဆဲလ်လေးတွေက ပြင်ပကလာမယ့် UV ရောင်ခြည်တွေ၊ လေထုထဲက ဖုန်နံ့တွေနဲ့ ညစ်ညမ်းမှုတွေကို ကာကွယ်ဖို့ Defense Mode (ကာကွယ်ရေးပုံစံ)ကို ပြောင်းထားကြတာပါ။ ဒါကြောင့် နံနက်ပိုင်းမှာဆိုရင် အကူအညီဖြစ်အောင် Vitamin C လိုမျိုး Antioxidant ပါတာတွေနဲ့ မရှိမဖြစ် Sunscreen ကို ဦးစားပေး လိမ်းပေးရပါမယ်။

ညဘက်ရောက်ပြီဆိုရင်တော့ ခန္ဓာကိုယ်က အနားယူချိန် ဖြစ်သွားပြီမို့ အရေပြားဆဲလ်လေးတွေကလည်း ပြန်လည်ပြုပြင်ရေးကို ပြောင်းသွားပါတယ်။ တစ်နေ့လုံး ထိတွေ့ခဲ့ရတဲ့ ပျက်စီးမှုတွေကို ညဘက်မှာ ပြန်ပြုပြင်ကြတာပါ။ အဲ့ဒီအချိန်မှာ ဆဲလ်အသစ် မြန်မြန်ဖြစ်အောင် ကူညီပေးမယ့် Retinol တို့၊ Peptide တို့ ပါတဲ့ ပစ္စည်းတွေနဲ့ အစိုဓာတ်ထိန်းပေးနိုင်တဲ့ ခရင်မ်အပျစ်လေးတွေကို လိမ်းပေးရပါမယ်။ ဇီဝနာရီ အလုပ်လုပ်ပုံနဲ့ လိုက်လျောညီထွေဖြစ်အောင် Skincare ကို ခွဲခြားလိမ်းပေးရင် လိမ်းရကျိုး ပိုနပ်မှာပါ။ **Daisy**



## ဖုန်းနဲ့ ကွန်ပျူတာစခရင်တို့ရဲ့ Blue Light အန္တရာယ်

"ငါက အိမ်ထဲမှာပဲ နေတာ၊ နေလောင်ကာခရင်မ် မလိမ်းလည်း ဖြစ်ပါတယ်" လို့ တွေးနေရင်တော့ မှားသွားပါလိမ့်မယ်။ အခုခေတ်မှာ နံနက်နိုးတာနဲ့ ဖုန်းကြည့်ကြတယ်၊ ရုံးမှာ ကွန်ပျူတာရှေ့ ထိုင်ကြတယ်၊ ညဘက်ကျ တီဗွီကြည့်ကြတယ်။ အဲ့ဒီစခရင်တွေကနေ ထွက်တဲ့ Blue Light (HEV Light) ဆိုတာဟာ နေရောင်ခြည်က UV ရောင်ခြည်တွေလိုပဲ အရေပြားကို ဒုက္ခပေးနိုင်စွမ်း ရှိပါတယ်။ Blue Light က အရေပြားရဲ့ အနက်ရှိုင်းဆုံးအလွှာထိ ထိုးဖောက်ဝင်ရောက်နိုင်တာမို့ အသားအရေထဲမှာရှိတဲ့ ကော်လာဂျင်တွေကို မြန်မြန် ပျက်စီးစေပါတယ်။

အကျိုးဆက်ကတော့ အသက်မကြီးသေးဘဲ အရေးကြောင်းတွေ စောပြီး ပေါ်လာတာ၊ အသားအရေ တင်းရင်းမှု လျော့ကျလာတာနဲ့ တင်းတိပ်၊ အစက်အပြောက်တွေ ထွက်လာတာမျိုးတွေ ဖြစ်စေတာပါ။ ဒါကြောင့် အိမ်ထဲမှာပဲနေနေ၊ ရုံးထဲမှာပဲ အလုပ်လုပ်နေရပါစေ Blue Light ကိုပါ ကာကွယ်ပေးနိုင်တဲ့ နေရောင်ကာခရင်မ် (Sunscreen) တွေကို ပုံမှန် မပျက်မကွက် လိမ်းပေးတဲ့ အလေ့အထကို မွေးမြူထားသင့်ပါတယ်။ **Daisy**

## Skincare ပစ္စည်းအများကြီးမလိုဘဲ အသားအရေ လှအောင် ထိန်းသိမ်းနည်း

လွန်ခဲ့တဲ့ ၁၀ နှစ်ဝန်းကျင်တုန်းက Skincare တွေ စခေတ်စားကာစကဆိုရင် နံနက်ဆိုလည်း ဘာတွေလိမ်း၊ ညဆိုလည်း အဆင့် ၁၀ ဆင့်မက Skincare ပစ္စည်းတွေကို အဆင့်ဆင့်လိမ်းကြတဲ့ အလေ့အထကြီး ရှိခဲ့ဖူးပါတယ်။ အခုနောက်ပိုင်းမှာတော့ အရေပြားဆရာဝန်တွေရော၊ အလှအပဆိုင်ရာ ကျွမ်းကျင်သူတွေပါ "Skinimalism" ဆိုတဲ့ သဘောတရားဘက်ကို ကူးပြောင်းလာကြပါပြီ။ ဒါက ဘာကို ပြောတာလဲဆိုတော့ လိုတာထက်ပိုပြီး ပစ္စည်းတွေ အများကြီး အပြိုင်အဆိုင် လိမ်းနေတာဟာ အသားအရေအတွက် ရလဒ်ကောင်းမလာတဲ့အပြင် Skin Barrier လို့ခေါ်တဲ့ အသားအရေရဲ့ သဘာဝ ကာကွယ်လွှာကိုပါ ပျက်စီးစေလို့ပါ။ Skincare ပစ္စည်းတွေ အများကြီး ရောလိမ်းလိုက်တဲ့အခါ ဓာတ်ပြုမှုတွေဖြစ်ပြီး ဝက်ခြံတွေ ပိုထွက်လာတာ၊ နီရဲရောင်ရမ်းတာတွေ ဖြစ်လာတတ်ပါတယ်။

ဒါကြောင့် တကယ်တမ်း မရှိမဖြစ် လိုအပ်တာကတော့ နံနက်နဲ့ ည စနစ်တကျ မျက်နှာသစ်ဖို့ Cleanser၊ အသားအရေ အစိုဓာတ် ထိန်းပေးမယ့် Moisturizer နဲ့ နေရောင်ခြည်ဒဏ်က ကာကွယ်ပေးမယ့် Sunscreen ဒီသုံးမျိုးတည်းပါပဲ။ ဒီအခြေခံ သုံးမျိုးကိုမှ မိမိအသားအရေနဲ့ ကိုက်ညီတာကို သေချာရွေးချယ်ပြီး ပုံမှန် မပျက်မကွက် လိမ်းပေးတာဟာ ခရင်မ် ၁၀ မျိုး လိမ်းတာထက် ပိုပြီးထိရောက်မှုရှိပါတယ်။ ပိုက်ဆံလည်း အကုန်သက်သာမည့်အပြင် အသားအရေကလည်း အခန့်မသင့်ရင် အထပ်ထပ်လိမ်းလို့ ဝန်ပိနေတာမျိုး မဖြစ်တော့ဘဲ သဘာဝအတိုင်း ကျန်းမာကြည်လင်လာမှာ ဖြစ်ပါတယ်။ **Daisy**



## ဆံပင်သန်စွမ်းကျန်းမာဖို့ အရေးကြီးတဲ့ ဦးရေပြားကျန်းမာရေး


ဆံပင်တွေ အရမ်းကျွတ်နေလို့၊ ဆံပင်ပါးလာလို့ဆိုပြီး ဆံပင်ပေါင်းဆေးတွေ၊ ဆီတွေချည်းပဲ လိုက်ပြောင်းသုံးနေလို့ အမြဲတမ်း မထိရောက်ပါဘူး။ အဓိကအမြစ်ဖြစ်တဲ့ "ဦးရေပြား" ကျန်းမာမှသာ ဆံပင်က သန်စွမ်းမှာပါ။ ဦးရေပြားဆိုတာလည်း မျက်နှာအသားအရေလိုပဲ အရေပြားတစ်သျှူးတစ်ခုဖြစ်တာကြောင့် သေချာသန့်စင်စောင့်ရှောက်ဖို့ လိုပါတယ်။ နေ့စဉ်သုံးနေတဲ့ ခေါင်းလျှော်ရည်၊ Conditioners၊ အဆီတွေနဲ့ ပြင်ပက ဖုန်မှုန့်တွေဟာ ဦးရေပြားပေါ်မှာ ပိတ်ဆို့ကျန်ခဲ့ပြီး ဗောက်တွေ ဖြစ်လာတတ်ပါတယ်။

